မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်၊ သောကြာနေ့၊ အတွဲ(၄၈)၊ အမှတ်(၇၃)

ဂါရဝေါစ ဧတံ မင်္ဂလ မုတ္တမံ

ရိုသေအပ်သော သူတို့ကို
ရိုသေရခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နေ့စပါးပန်းတိုင်အထွက်နှုန်း တစ်ဧကတင်း ၁၀၀ ရရှိရေး စိုက်ပျိုးရေး(စံပြ)ဇုန်များ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် နေ့စပါးပန်းတိုင်အထွက်နှုန်း တစ်ဧက တင်း ၁၀၀ ရရှိရေး စိုက်ပျိုးရေး(စံပြ)ဇုန်ရှိ စိုက်ပျိုးရေးကုမ္ပဏီများ၏ နေ့စပါးစိုက်ပျိုးရေးပြင်ဆင်မှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သာယာမည်

နေပြည်တော်နှင့် အနီး
တစ်ဝိုက်တွင် ယနေ့ အများ
အားဖြင့် သာယာမည်။

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ဇီးချောင်းရေလှောင်တမံ၏ သဘာဝရှုခင်း ပသာဒမြင်ကွင်း။ (မြန်မာ့အလင်း)

ဆည်ရေသောက် လယ်မြေဧက ၁၀၀၀ ကို အကျိုးပြုမည့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ ဇီးချောင်းရေလှောင်တမံ

တိုင်းရင်းသား ပြည်သူများ၏ ကူးသန်းသွားလာရေး အထောက်အကူပြုလျက်ရှိသော ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ကစ္ဆပနဒီ တံတားကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

သတင်းခရီးသည် - သတင်းထောက် စဥ့်ကူစိုးဝင်း
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

စစ်တွေ ဒီဇင်ဘာ ၁၁ (ဖက်စ်)

ရခိုင်ပြည်နယ် ကျောက်တော်မြို့သို့ ရောက်ရှိနေသည့် မြန်မာ့အလင်း သတင်းအဖွဲ့သည် ညနေ ၃ နာရီခန့်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)ရုံးသို့ ပုဏ္ဏားကျွန်းမြို့မှ လိုက်ပါပို့ဆောင်ပေးသည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်စွာညွန့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အောင်မြသန်းနှင့်အတူ သွားရောက်ခဲ့ကြသည်။

ဇီးချောင်းရေလှောင်တမံ

စီမံကိန်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်အေးက ကျောက်တော်မြို့မှ ငါးမိုင်ခန့်အကွာ၌ရှိသည့် ဇီးချောင်းရေလှောင်တမံ စီမံကိန်းသို့ လိုက်လံရှင်းလင်းပြသခဲ့သည်။

ကျောက်တော်မြို့မှ မြောက်ဦးမြို့နှင့် စစ်တွေမြို့အသွား ကားလမ်းဆုံသည် ကျောက်တော်မြို့အပြင်တွင်ရှိပြီး ဇီးချောင်းရေလှောင်တမံမှာ မြောက်ဦးသွားကားလမ်းမမှ ခွဲထွက်သည့်လမ်းဖြစ်သဖြင့် သတင်းအဖွဲ့ ကျောက်တော်-မြောက်ဦးသွား မော်တော်ကားလမ်းအတိုင်း ခရီးဆန့်ခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အရှိန်အဟုန်မြှင့် တိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းလက်တွဲပါဝင်

ဘိန်းအပါအဝင် မူးယစ်ဆေးဝါးသည် လူသားမျိုးနွယ်တစ်ရပ်လုံး လူညွန့်တုံးစေမည့် အန္တရာယ်ဆိုးဖြစ်သဖြင့် ခေတ်အဆက်ဆက် ထုတ်လုပ်သုံးစွဲမှု၊ ရောင်းချမှုကို တားဆီးကာကွယ် တိုက်ဖျက်ခဲ့သည်။

မူးယစ်ဆေးဝါးပြဿနာသည် လူမှုရေးပြဿနာဖြစ်သည်။ ဘိန်းစိုက်ပျိုး စီးပွားရှာသောလုပ်ငန်းသည် အင်္ဂလိပ်နယ်ချဲ့များ အာရှတွင် စီးပွားရေးနယ်ချဲ့ အခြေချစဉ်ကတည်းက ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရယူပြီးချိန်မှစ၍ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို စီမံချက်များချမှတ်ကာ နယ်စပ်ဒေသများ၌ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပေသည်။

မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ ရှေးမြန်မာမင်းများလက်ထက်ကတည်းကပင် ဘိန်းကင်း၊ ကဇော်၊ လှော်စာ၊ အရက်သုံးစွဲခြင်းကို အမိန့်ပြဋ္ဌာန်းချက်များ ထုတ်ပြန်တားမြစ်ခဲ့သည်။

သိပ္ပံနှင့်နည်းပညာများ ထွန်းကားလာသည့် အနောက်နိုင်ငံများသည် မူးယစ်ဆေးဝါးထုတ်လုပ်သည့် နည်းစနစ်များ၊ ပစ္စည်းကိရိယာများကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပျံ့နှံ့စေခဲ့ပြီး မူးယစ်ဆေးဝါးထုတ်လုပ်နေသည်ဟု ပုတ်ခတ်စွပ်စွဲခဲ့ကြသည်။

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ့လူသားမျိုးနွယ်အားလုံး အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ၏ဘဝကို အညွန့်ကျိုး၊ မျိုးတုံးခြိမ်းခြောက်လျက်ရှိသဖြင့် နိုင်ငံတိုင်းက ဝိုင်းဝန်းဖြေရှင်းရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် ဘိန်းအပါအဝင် မူးယစ်ဆေးဝါးများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် သုံးစွဲခြင်းတို့ လျော့ပါးစေရေးအတွက် ဘိန်းအစားထိုးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပေသည်။

ဘိန်းစိုက်ပျိုးမှု လျော့နည်းကျဆင်းမှုများသည် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ချမှတ်အကောင်အထည်ဖော်ရာ၌ မှန်ကန်သောမဟာဗျူဟာ၊ နည်းဗျူဟာများကြောင့် အောင်မြင်မှုရလဒ်များ ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။

သို့ဖြစ်ပေရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို နိုင်ငံတော်အစိုးရသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းလက်တွဲ ပါဝင်တိုက်ဖျက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကော့သောင်းနှင့် မြိတ်လေဆိပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဝန်ကြီးများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၁

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ဒီဇင်ဘာ၆ရက် နံနက်၉နာရီက ကော့သောင်းလေဆိပ်သို့ရောက်ရှိကြရာ လေဆိပ်ခန်းမဆောင်၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က ကော့သောင်းလေဆိပ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က လိုအပ်ချက်များကို မှာကြားကြသည်။

တိုင်းမှူးနှင့် ဝန်ကြီးများသည် ဒီဇင်ဘာ၈ရက်တွင် မြိတ်လေဆိပ်သို့ ရောက်ရှိ စစ်ဆေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်တွင်းကြီး အထက(၁)နှင့် အလက(၂) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၁

မကွေးတိုင်း တောင်တွင်းကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲများကို ဒီဇင်ဘာတွင် ရက်ဆက်ကျင်းပမည်ဖြစ်သည်။

ကျင်းပမည်

အထက(၁)၏ပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ရက်နှင့် အလက(၂)၏ ပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အထက(၁)အတွက် ဒေါ်ခင်မာမာ ဖုန်း-၆၈-၇၅၄၉၁၊ ဒေါ်သင်းသင်းလှိုင် ဖုန်း-၄၀၀၁၉၀၊ ဒေါ်သင်းသင်းမြိုင် ဖုန်း-၀၁-၃၈၅၈၈၄၊ ဒေါ်မြင့်မြင့်ဌေး ဖုန်း-၅၇၀၄၂၃၊ ဒေါ်ချိုချိုမြင့် ဖုန်း-၀၆၇-၄၀၉၄၂၁၊ ဦးကြည် ဖုန်း-၀၉-၂၀-၁၉၄၂၃၊ ဦးဝိုင်းမောင် ဖုန်း-၀၆၃-၂၂၂၁၇၊ ဒေါက်တာသန်းနိုင် ဖုန်း-၀၆၃-၅၀၂၇၅၊ ဦးဌေးနိုင် ဖုန်း-၀၆၃-၅၀၄၂၀၊ ဦးဇော်တင့် ဖုန်း-၀၆၃-၅၀၁၇၀၊ ဦးအောင်ဇော်မိုး ဖုန်း-၀၆၃-၅၀၉၃၅၊ အလက(၂)အတွက် ဒေါ်သင်းသင်းမြိုင် ဖုန်း-၀၁- ၃၈၅၈၈၄၊ ဒေါ်မြင့်မြင့် ဖုန်း-၀၂-၆၅၆၂၅၊ ဒေါ်ချိုချိုမြင့် ဖုန်း-၀၆၇-၄၀၉၄၂၁၊ ဦးအောင်ကျော်စိုး ဖုန်း-၀၆၃-၂၂၄၅၆၊ ဦးဌေးဇော် ဖုန်း-၀၆၃-၅၀၀၉၇၊ ဦးဇော်တင့် ဖုန်း-၀၆၃-၅၀၁၇၀နှင့် ဒေါ်သင်းသင်းခိုင် ဖုန်း-၀၆၃-၅၀၁၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြဝတီ ရုပ်မြင်သံကြား

၁၂-၁၂-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၀ ၇။ မြန်မာစာ မြန်မာစကား
- ၅း၀၀ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ စောင့်မျှော်ရူစား ကြိုးဝိုင်းစကား
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၃၁)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ စိုက်ပျိုးသုတ
- ၂၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၄)

ရတနာပုံစူပါစင်တာနှင့် ရတနာပုံဒိုင်းမွန်းပလာဇာ ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနား

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက် အုတ်မြစ်စီပေး

ရန်ကုန် ဒီဇင်ဘာ ၁၁

ရတနာပုံစူပါစင်တာနှင့် ရတနာပုံဒိုင်းမွန်းပလာဇာ ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၅ရက် နံနက် ၉နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အဆိုပါအဆောက်အအုံ ဆောက်လုပ်မည့်နေရာ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်၍ ရတနာအုတ်မြစ်စီခင်းပေးပြီး အဆောက်အအုံဆောက်လုပ်မည့် ရတနာပုံစင်တာနှင့် ရတနာပုံဒိုင်းမွန်းပလာဇာဈေးဆိုင်ခန်းများ၏ ပုံစံငယ်များကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆောက်လုပ်ပြီးစီး

အဆိုပါ ရတနာပုံစူပါစင်တာနှင့် ရတနာပုံဒိုင်းမွန်းပလာဇာအဆောက်အအုံသည် ယခင်ရတနာပုံဈေးဟောင်းနေရာတွင် MGW ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်၍ အကျယ်ပေ၃၂၀ပတ်လည်၊ အမြင့်၇၂ပေရှိ ခြောက်ထပ်အဆောက်အအုံဖြစ်ပြီး ဈေးဆိုင်ခန်းပေါင်း ၉၀၀၀ကျော်ပါရှိ၍ အလွှာတိုင်းတွင် Fire Fighting Nozzle ၄တ်များဖြင့် မီးငြိမ်းသတ်မှုစနစ်များ တပ်ဆင်ထားရှိကာ အဆောက်အအုံစီမံကိန်းကို ၂၀၀၉ခုနှစ် ဒီဇင်ဘာလတွင် ဆောက်လုပ်ပြီးစီးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၁၂-၂၀၀၈ (သောကြာနေ့)

AM & PM

- ၇း၀၀-၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅-၁း၀၅ **မေတ္တာလွှမ်းခြုံဘေးရန်လုံ** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
- ၈း၀၀-၂း၀၀ စစ်ကိုင်းဂုဏ်တင် ဆွမ်းဦးပုညရှင်
- ၈း၁၀-၂း၁၀ တေးဂီတအစီအစဉ်
- ၈း၁၅-၂း၁၅ VJ Choice
- ၈း၄၀-၂း၄၀ Eternal Festival (အပိုင်း-၁)
- ၉း၀၅-၃း၀၅ သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး (ဒုစရိုက်တရား မြဲရှောင်ရှား)
- ၉း၁၅-၃း၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၂၅-၃း၂၅ တေးဂီတအစီအစဉ်
- ၉း၃၀-၃း၃၀ Electrical ပစ္စည်းများမှ ပြောသည်
- ၉း၅၀-၃း၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၅၅-၃း၅၅ Art Vision (ကံ့ကော်ရှာပန်းချီပြပွဲ)
- ၁၀း၁၀-၄း၁၀ မိုးလေဝသခန့်မှန်းချက်
- ၁၀း၁၅-၄း၁၅ တေးဂီတအစီအစဉ်
- ၁၀း၂၀-၄း၂၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀း၃၀-၄း၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀း၄၀-၄း၄၀ တေးဂီတအစီအစဉ်
- ၁၀း၄၅-၄း၄၅ ဖန်တီးသူ၏လက်မှုအနုပညာ
- ၁၁း၁၅-၅း၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၂၀-၅း၂၀ **အဆုံးအဖြတ်** (ခန့်စည်သူ၊ အေးမြတ်သူ၊ ၄က်ပျောကြော်၊ မိုးမိုးခိုင်၊ ကျင်ဝှက်၊ သိန်းဇံ) (ဒါရိုက်တာ ဖုန်းမြင့်အောင်)
- ၁၁း၃၅-၅း၃၅ တေးဂီတအစီအစဉ်
- ၁၁း၄၀-၅း၄၀ လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
- ၁၂း၀၀-၆း၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (၉၉.၉)
- ၁၂း၂၅-၆း၂၅ တေးဂီတအစီအစဉ်
- ၁၂း၃၀-၆း၃၀ ခတ်ပုံထဲမှ အမှတ်တရများ (သရုပ်ဆောင်အဆိုတော် ထွန်းထွန်း၏ ခတ်ပုံထဲမှ အမှတ်တရများ)
- ၁း၀၀-၇း၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

■ *ရှေ့ဖုံးမှ*

ဖြည့်စွက်မှာကြား

ရေးဦးစွာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပဲခူးမြစ်လမ်း စိုက်ပျိုးရေး(စံပြ)ဇုန်(၂)ရှိ ပင်လယ်ကိုးသွယ်ကုမ္ပဏီ ယာယီရှင်းလင်းဆောင်၌ ပင်လယ်ကိုးသွယ်ကုမ္ပဏီဥက္ကဋ္ဌက နွေစပါးစိုက်ပျိုးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ စိုက်ပျိုးရေး(စံပြ)ဇုန်(၂) ဥက္ကဋ္ဌက ဇုန်(၂)အတွင်း နွေစပါးစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပံ့ပိုးကူညီ ဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ရွှေနဂါးမင်းကုမ္ပဏီလီမိတက် လယ်မြေသို့ရောက်ရှိကြပြီး နွေစပါးစိုက်ပျိုးရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ထွန်စက်များဖြင့် လယ်မြေများထွန်ယက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဇုန်(၁)ရှိ ဒဂုံအင်တာနေရှင်နယ်လီမိတက်၏ လယ်မြေသို့ ရောက်ရှိကြပြီး စက်ယန္တရားများဖြင့် မြေပေါ်မြောင်းနှင့် ကုန်ထုတ်လမ်းဖောက်လုပ်နေမှု၊ နွေစပါးစိုက်ပျိုးရေးအတွက် လယ်ထွန်စက်များဖြင့် ထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက မြောင်းဖြစ်လမ်းဖြစ် ဖောက်လုပ်မှုနှင့် နွေစပါးစိုက်ပျိုးမှု အစီအစဉ်များကို ရှင်းလင်းတင်ပြရာတာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နွေစပါးစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေရရှိရေးနှင့် လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာချာလီသန်းအား ယင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်၏ လယ်မြေတွင် နွေစပါးစိုက်ပျိုးရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ထွန်စက်များဖြင့် ထွန်ယက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆေးတက္ကသိုလ်(၁) (ရန်ကုန်) ၁၉၈၄ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၁

ဆေးတက္ကသိုလ်(၁) (ရန်ကုန်)မှ ၁၉၈၄ခုနှစ်တွင် အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများက ငွေရတုအထိမ်းအမှတ်အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၁၀ရက်(စနေနေ့)တွင် ကျင်းပနိုင်ရေးအတွက် ကျောင်းသားကျောင်းသူဟောင်းများဖြစ်သည့် ဒေါက်တာကြည်မင်း ဖုန်း-၀၉-၅၁-၅၅၂၄၇၊ ဒေါက်တာခင်မောင်ထွေး ဖုန်း-၀၉-၈၀-၃၁၈၄၅၊ ဒေါက်တာဖုန်းမြင့် ဖုန်း-၀၉-၈၀-၃၃၉၉၅၊ ဒေါက်တာအက်ဒွပ်ဇံ ဖုန်း-၀၉-၅၁-၉၁၉၀၇၊ ဒေါက်တာဥမ္မာကျော် ဖုန်း-၀၉-၅၁-၇၂၂၆၁၊ ဒေါက်တာမောင်မောင်ထွေး ဖုန်း-၀၉-၅၁-၀၉၆၄၂၊ ဒေါက်တာကျော်ဝင်း(တောင်ကြီး) ဖုန်း-၀၉-၅၀-၁၃၄၀၁နှင့် ဒေါက်တာမြင့်စိုး ဖုန်း- ၀၉-၅၀-၂၀၃၇၁တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

The Live News ဂျာနယ် အမှတ် (၁၁၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၁၁

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၁၀)တွင် မြင်းမူမောင်နိုင်မိုး၏ ပျက်စီးခြင်း၊ သူယုတ်မာဟူသည်၊ နီမင်းဆွေ၏ချစ်ဆိပ်ရည်(၂)၊ ကိုကိုလှိုင်၏ မွမ်ဘိုင်းအကြမ်းဖက်မှုနှင့် တောင်အာရှဒေသ မဟာဗျူဟာ ကျားကွက်လှုပ်ရှားမှုများ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက သယ်ယူပို့ဆောင်ရေးယာဉ်များ သမိုင်းကြောင်း(၂) (Pony-cart)နဲ့ စက်တပ်ယာဉ်အစ Steam Tram က၊ နီငြိမ်း (အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည်ဂျပန်ပြည်အပိုင်း(၄)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ(၁၃)၊ အာရှမိုး၏ နိုင်ငံရေးနှင့် မီဒီယာကြားမှ ကွန်ပျူတာနည်းပညာ အနုတ်အသိမ်းပြဿနာ၊ ဦးထွန်းညို(ရန္တပို)၏ နိုင်ငံခြားသွားပြီးအလုပ်လုပ်မယ်ဆိုရင် စင်ကာပူကိုသွားပါ၊ တီတီအိပ်ချ်(ပြည်)၏ သည်အရိပ်မှာခိုပါ-နားပါ၊ အမေရိကန်ထောက်လှမ်းရေး အစီရင်ခံစာရဲ့ အနှစ်၂၀အနာဂတ်ဟောကိန်း၊ ရုရှားနိုင်ငံက အိန္ဒိယတွင် နျူကလီးယားဓာတ်ပေါင်းဖိုလေးခု ထပ်မံတည်ဆောက်ပေးမည်၊ စိတ်ချမ်းသာမှုနည်းလေ ရုပ်မြင်သံကြားကိုပိုမိုကြည့်ကြလေဆိုတဲ့ နောက်ဆုံးပေါ်လေ့လာတွေ့ရှိချက်၊ ဆေးဝါးဥပဒေသစ်များထုတ်ပြန်၍ အင်ဒိုနီးရှား ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများအား ကြပ်မတ်၊ ချစ်ဇနီးလောင်းအတွက် လက်ဖွဲ့ပစ္စည်းပေးရန်ရည်ရွယ် လဗိမာန်ပေါ်မှမြေကွက်ဝယ်ရန်ကမ်းလှမ်းသော ရုရှားသန်းကြွယ်သူဌေး၊ မော်ဒယ်လောကထဲကို ဝင်ရောက်တော့မယ့် စင်ရော်မောင်မောင်ရဲ့ အနုပညာမျိုးဆက်သစ်လေး မော်ဖူးမောင်၊ ပင်လယ်ပျော်မင်းသား အပိုင်း(၅၅၊ ၅၆) စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

မှာယူဖတ်ရှုနိုင်

The Live News ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက် ပေးပို့ရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ-၁၃စောင် ကျပ် ၅၈၅၀၊ ခြောက်လ-၂၆စောင် ကျပ် ၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုး စာပေတိုက် အမှတ် ၃၁၀ အခန်း(၀၀၄) ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် MARKET CARE (Distribution Service) အမှတ်၅၅ ပထမထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၀ ပြည့်နှစ် နတ်တော်လပြည့်နေ့ (ဥပုသ်နေ့)
၁၂-၁၂-၂၀၀၈ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	၂။ ယောဆရာတော်ကြီး၏ ဥပ္ပာတသန္တိပါဠိတော်
၇:၃၀	၃။ နံနက်ခင်းသတင်း
၇:၄၀	၄။ သံသာချို့အေးမင်္ဂလာတေး
၇:၅၀	၅။ အဆိုပြိုင်ပွဲ
၈:၀၀	၆။ ကြေးမုံရိပ်သွင်တေးနယည်
၈:၂၀	၇။ အကပြိုင်ပွဲ
၈:၄၀	၈။ International News
၈:၅၀	၉။ တေးဂီတအစီအစဉ်
၉:၀၀	၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀	၂။ တေးဂီတအစီအစဉ်
၄:၂၀	၃။ အကပြိုင်ပွဲ
၄:၂၅	၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄:၄၀	၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၄၅	၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၅၀	၇။ မြန်မာစာ မြန်မာစကား
၅:၁၀	၈။ နှောင်းခေတ်တေးပဒေသာ
၅:၂၀	၉။ တီးကွက်ညီညာ ညွှန့်သံသာ(၁)
၅:၃၅	၁၀။ **ပေါင်ပေါ်ကျတဲ့မီး** ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလှို၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-မောင်မောင်မြင့်၊ မင်းအုပ်စိုး)
၅:၄၅	၁၁။ မူဟန်သွယ်သွယ် ဆိုကြမယ်
၆:၀၀	၁၂။ ညနေခင်းသတင်း
၆:၄၀	၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၂၀	၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း** (အပိုင်း-၃၄)
၈:၀၀	၁၆။ ပြည်တွင်းသတင်း
	၁၇။ နိုင်ငံတကာသတင်းများ
	၁၈။ မိုးလေဝသအခြေအနေ
	၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၅၄)
	၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၁

စလေအသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားတောင်ဘက်မုခ် စာရင်းစစ်ချုပ်ရုံး ဓမ္မာရုံ၌ ဒီဇင်ဘာ ၂၅ရက် (ကြာသပတေးနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မဝင်ရသေးသော စလေမြို့နယ်သူမြို့နယ်သားများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်ပြည့်ပြီး အသင်းဝင်များနှင့် ၂၀၀၇-၂၀၀၈ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများ၏အမည်စာရင်းကို ဦးစောလွင် ဖုန်း-၅၁၈၄၄၈၊ ဒေါ်ပြုံး ဖုန်း-၆၆၁၂၂၀တို့သို့ ဒီဇင်ဘာ၂၂ရက် မတိုင်မီ အမြန်ဆုံး ဆက်သွယ်စာရင်းပေးသွင်းကြရန်၊ အသင်းဝင်များသို့ ဖိတ်စာများပေးပို့ထားကြောင်းနှင့် ဖိတ်စာများ မရရှိပါကလည်း တက်ရောက်ကြပါရန်နှိုးဆော်ထားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နည်းပညာပေး ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၁

အဆောက်အအုံလုပ်ငန်းများဆောင်ရွက်နေသော မြို့ပြအင်ဂျင်နီယာများ၊ စက်မှုအင်ဂျင်နီယာများ၊ လုပ်ငန်းခွင်ဝင်လူငယ်အင်ဂျင်နီယာများ၊ ကန်ထရိုက်တာများအတွက် နည်းပညာဆိုင်ရာဟောပြောပွဲကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ကြီးမှူး၍ ဒီဇင်ဘာ ၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တက္ကသိုလ်များ(လှိုင်နယ်မြေ) လှိုင်မြို့နယ်တွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ဟောပြောပွဲတွင် ထိုင်းနိုင်ငံမှအင်ဂျင်နီယာများက "Anchoring Theory and Application, Drilling and Measuring Technology and Basic of Fire Stop" ခေါင်းစဉ်ဖြင့် နည်းပညာဆိုင်ရာဟောပြောခြင်းနှင့် လက်တွေ့ပစ္စည်းများပြသ ခြင်းများကို ဟောပြောပို့ချပြသမည်ဖြစ်ကြောင်း သိရသည်။ စိတ်ပါဝင်စားသူမည်သူ မဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

* ကျောဖုံးမှ

ခရီးမိုင် ၃၂၀၀၀ကို ၁၇လကြာမျှ ကမ္ဘာပတ် မောင်းနှင်ခဲ့ခြင်းဖြစ်သည်။ နေရောင်ခြည်စွမ်းအင်သုံး မော်တော်ယာဉ်ကို တီထွင်ထုတ်လုပ်ရခြင်းမှာ ကမ္ဘာ့ရာသီဥတု ပူနွေးလာမှုလျော့ချရေးအတွက် အကူအညီပေးခြင်းလည်းဖြစ်သည်။

ဆိုလာတက္ကစီတွင် နေရောင်ခြည်မှ စွမ်းအင်ပြောင်းလဲထုတ်ယူနိုင်သည့် အပြာရောင်နှင့် အဖြူရောင်ရှိသော အချပ်သုံးချပ်ကို ပူးတွဲကာ နေရောင်ခြည်မှ အပူစွမ်းအင်ကိုရယူမည့် နေရောင်ခံပြားတင်ထားသော နောက်တွဲယာဉ်တစ်ခု ပါဝင်သည်။ ဆိုလာတက္ကစီဖြင့် ခရီးသွားပါက တစ်ဦးတည်း မော်တော်ယာဉ်မောင်းနှင်သွားလျှင် ကီလိုမီတာ၃၀၀အထိ ခရီးနှင်နိုင်သည်။ မော်တော်ယာဉ်သွားနှုန်းမှာ တစ်နာရီလျှင် ၅၅မိုင်နှုန်း မောင်းနှင်နိုင်သည်။

ဆက်လက်ထုတ်လုပ်

မိမိအနေဖြင့် ဆိုလာတက္ကစီများကို တွင်တွင်ကျယ်ကျယ် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဆိုလာတက္ကစီကို တီထွင်ထုတ်လုပ်သူ ဆွစ်ဇာလန်ကျောင်းဆရာပါလ်မာက ပြောကြားလိုက်သည်။ ထို့အပြင် အနာဂတ်ကာလတွင် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များကိုလည်း ဆက်လက်ထုတ်လုပ်သွားမည်ဟု သိရသည်။

မစ္စတာပါလ်မာသည် သူတီထွင်ထုတ်လုပ်ထားသော ဆိုလာတက္ကစီဖြင့် ၂၀၀၇ ခုနှစ် ဇူလိုင်လက ဆွစ်ဇာလန်နိုင်ငံ လူဇာနီမြို့မှ စတင်မောင်းနှင်ခဲ့ရာ နိုင်ငံပေါင်း ၃၈နိုင်ငံကို အောင်မြင်စွာ ဖြတ်သန်းမောင်းနှင်နိုင်ခဲ့သည်။

နေစွမ်းအင်

သို့သော် မစ္စတာပါလ်မာအနေဖြင့် ပိုလန်နိုင်ငံကဲ့သို့သော အအေးလွန်ကဲသည့်နိုင်ငံများတွင်မူ မော်တော်ယာဉ် စတင်နှိုးရာ၌ ဘက်ထရီ၏ အကူအညီကို ရယူခဲ့ရကြောင်း၊ စက်နှိုးပြီး မောင်းနှင်ရာ၌မူ နေစွမ်းအင်ကိုသာ အသုံးပြုမောင်းနှင်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ညအချိန်များ၌မူ ဘက်ထရီအားကိုယူကာ မောင်းနှင်ခဲ့ကြောင်း သိရသည်။

လာမည့်နှစ်တွင် လေစွမ်းအင်ကဲ့သို့သော သဘာဝစွမ်းအင်ကို အသုံးပြုမောင်းနှင်နိုင်သည့် မော်တော်ယာဉ်ခြောက်စီးနှင့်အတူ ရက်ပေါင်း၈၀ကြာ ကမ္ဘာတစ်ပတ်မောင်းနှင်မည်ဖြစ်ကြောင်း မစ္စတာပါလ်မာက ဆက်လက်ပြောကြားခဲ့သည်။ ။

ကိုးကား-အင်တာနက်

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဇာဘူလ်ပြည်နယ်တောင်ပိုင်းရှိ ရဲတပ်ဖွဲ့စခန်းတစ်ခုကို ဒီဇင်ဘာ ၁၀ရက်က အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်တောင်ပိုင်း၌ အမေရိကန်နှင့်အပေါင်းပါတို့ လေကြောင်းမှတိုက်ခိုက် ရဲတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံးပြီး ၁၁ ဦးဒဏ်ရာရရှိ

ကဘူးလ် ဒီဇင်ဘာ ၁၁

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ ရဲတပ်ဖွဲ့စခန်းတစ်ခုပေါ်သို့ ဒီဇင်ဘာ ၁၀ ရက်တွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်ခဲ့မှုကြောင့် ရဲတပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးသွားပြီး အခြား ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန် အရာရှိများက ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်

အဆိုပါ တိုက်ခိုက်မှုမှာ ဇာဘူလ်ပြည်နယ်တောင်ပိုင်းရှိ ရဲတပ်ဖွဲ့ဝင်စခန်းဖြစ်ပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ တိုက်လေယာဉ်များ ရောက်ရှိလာပြီး လေယာဉ်ပစ်ဒုံးကျည်များ၊ စက်သေနတ်များဖြင့် တရကြမ်း ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ထုတ်ဖော်ဝန်ခံ

ထိုသို့ပစ်ခတ်တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး အာဖဂန်နစ္စတန်၌ လေကြောင်းတိုက်ခိုက်မှုတစ်ရပ်ပြုခဲ့ကြောင်း၊ လက်နက်ကိုင် အကြမ်းဖက် တိုက်ခိုက်ရေးသမားများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက် အရာရှိများက ထုတ်ဖော်ဝန်ခံခဲ့သည်။

အာဖဂန်နစ္စတန်အရာရှိများကမူ ယခုဖြစ်ရပ်နှင့်ပတ်သက်ပြီး အဖြစ်မှန်သိရှိရန် စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

(အင်တာနက်)

ဂရိကုန်တင်သင်္ဘောတစ်စင်းအား ဆိုမာလီဓားပြများ ပြန်လွှတ်ပေး သင်္ဘောသား ၁၉ဦး လိုက်ပါသွားခဲ့ဟုဆို

နိုင်ရိုဘီ ဒီဇင်ဘာ ၁၁

ဆိုမာလီ ပင်လယ်ဓားပြများသည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ၎င်းတို့အပိုင်စီးထားခဲ့ကြသည့် အမ်ဗွီကက်ထ်စတီဖန်နီစ်အမည်ရှိ ဂရိကုန်တင်သင်္ဘောတစ်စင်းကိုပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ ရေကြောင်းအဖွဲ့အစည်းတစ်ခုက ဒီဇင်ဘာ ၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အာမခံမြင့်တက်

ယခုနှစ်ပိုင်းအတွင်း ရေကြောင်းကူးသန်းသွားလာကုန်သွယ်မှု များပြားသည့် အေဒင်ပင်လယ်ကွေ့နှင့် အိန္ဒိယသမုဒ္ဒရာကမ်းလွန်တွင် ဆိုမာလီယာဓားပြများက သင်္ဘောများကို တိုက်ခိုက်အပိုင်စီးမှုများ အများအပြားဖြစ်ပေါ်လာမှုသည် အာမခံစရိတ်စကများကို မြင့်တက်လာစေခဲ့သည်ဟုဆိုသည်။ ထိုအာမခံကုန်ကျစရိတ်မှာ ဓားပြဂိုဏ်းများက တောင်းဆိုသော အမေရိကန် ဒေါ်လာသန်းဆယ်ချီသည့် ပြန်ပေးငွေများဖြစ်ပြီး ယင်းဖြစ်ရပ်များကြောင့် ပြည်ပမှုစစ်သင်္ဘောများ ယင်းဒေသတွင်းသို့ အဆောတလျင် ရောက်ရှိလာရခြင်းဖြစ်သည်။

အပိုင်စီးခြင်းခံခဲ့ရ

စတီဖန်နီစ်သင်္ဘောသည် ပြီးခဲ့သည့် စက်တင်ဘာ ၂၁ရက်က အာဖရိက ဦးချိုဒေသနိုင်ငံမှ သေနတ်သမားများ၏ အပိုင်စီးခြင်းကို ခံခဲ့ရသည်။ ယင်းသင်္ဘောသည် ကျောက်မီးသွေးများကို တင်ဆောင်လာကာ ဘဟားမားစ်အလံကိုလွှင့်ထူထားပြီး သင်္ဘောပေါ်၌ ဖိလစ်ပိုင်သင်္ဘောသား ၁၇ဦး၊ တရုတ်သင်္ဘောသားတစ်ဦးနှင့် ယူကရိန်းသင်္ဘောသားတစ်ဦး လိုက်ပါခဲ့သည်ဟု သတင်းတွင် ဖော်ပြသည်။ (အင်တာနက်)

လာမည့်နှစ်မတ်လ၌ အီရတ်မှဗြိတိသျှတပ်ဖွဲ့ဝင်များ စတင်ရုပ်သိမ်းမည် ဗြိတိန်နိုင်ငံထုတ် သတင်းစာများက သတင်းဖော်ပြ

လန်ဒန် ဒီဇင်ဘာ ၁၁

ဗြိတိန်နိုင်ငံသည် ၂၀၀၉ ခုနှစ် မတ်လမှစတင်ကာ အီရတ်နိုင်ငံရှိ ဗြိတိသျှတပ်ဖွဲ့ဝင် ၄၀၀၀ကျော်ကို ရုပ်သိမ်းမည်ဖြစ်ကြောင်း၊ ၂၀၀၉ခုနှစ်လယ်တွင် အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၄၀၀သာ ချန်ထားမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံထုတ် သတင်းစာများက ဒီဇင်ဘာ ၁၀ရက်၌ သတင်းဖော်ပြကြသည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ နေရာတွင် ထောင်ပေါင်းများစွာသော အမေရိကန်တပ်ဖွဲ့ဝင်များအား အစားထိုးဖွယ်ရှိကြောင်း၊ ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ အခြေစိုက်စခန်းကို အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့ပြင်ရှိ လေဆိပ်သို့ ပြောင်းရွှေ့နေရာချထားဖွယ်ရှိကြောင်း အမည်မဖော်လိုသော ထိပ်တန်းကာကွယ်ရေးအရာရှိတစ်ဦး၏ ပြောကြားချက်များကို ကိုးကား၍ သတင်းစာများက ဖော်ပြသည်။

တိုးတက်မှုများရရှိ

ဗြိတိသျှတပ်ဖွဲ့ဝင် ၄၀၀၀ ကျော် အီရတ်မှ ရုပ်သိမ်းရေးနှင့်ပတ်သက်၍ အီရတ်အစိုးရနှင့် အလွတ်သဘော ဆွေးနွေးသဘောတူညီချက်ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါအစီအစဉ်များကိုအကောင်အထည်ဖော်ရန်အတွက် ပြင်ဆင်မှုများပြုလုပ်ရာတွင် တိုးတက်မှုများရရှိနေပြီဖြစ်ကြောင်း တိုင်းမ်စ်သတင်းစာက ရေးသားသည်။

စိုးရိမ်ဖွယ်ရှိ

ဘဂ္ဂဒက်မြို့မှ လုပ်ငန်းလည်ပတ်နေသော ဗြိတိသျှအထူးတပ်ဖွဲ့ဝင် တပ်စိတ်များကိုလည်း ရုပ်သိမ်းဖွယ်ရာရှိပြီး ၎င်းတို့က တာလီဘန်များအား သုတ်သင်ချေမှုန်းရန် အာဖဂန်နစ္စတန်နိုင်ငံသို့ ပြောင်းရွှေ့စေလွှတ်ဖွယ်ရှိကြောင်း၊ ယင်းဆုတ်ခွာရေးအစီအစဉ်သည် အီရတ်နိုင်ငံ တောင်ပိုင်းရှိ လုံခြုံရေးအခြေအနေများအပေါ်တွင်လည်း မူတည်နေဆဲပင်ဖြစ်ကြောင်း၊ ထို့အပြင် လာမည့်နှစ် ဇန်နဝါရီ ၃၁ရက်တွင် ကျင်းပမည့် ပြည်နယ်ရွေးကောက်ပွဲကျင်းပစဉ်ကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်မှုများကိုလည်း စိုးရိမ်ဖွယ်ရှိနေသေးကြောင်း ယင်းသတင်း၌ ဆက်လက် ဖော်ပြထားသည်။ ဗြိတိန်အစိုးရထံမှ ထင်မြင်သုံးသပ်ချက်များကို ချက်ချင်း မရရှိနိုင်သေးကြောင်းကိုလည်း သတင်းများ၌ ဖော်ပြသည်။ (အင်တာနက်)

ဇင်ဘာဘွေ၌ ကာလဝမ်းရောဂါဖြစ်ပွား သေဆုံးသူ ၅၈၉ ဦးရှိဟု ကုလသမဂ္ဂ ထုတ်ပြန်

ဟာရာရေး ဒီဇင်ဘာ ၁၁

ဇင်ဘာဘွေနိုင်ငံ၌ ကာလဝမ်းရောဂါ ဖြစ်ပွားမှုကြောင့် သေဆုံးသူဦးရေမှာ ၅၈၉ ဦးရှိသွားပြီဖြစ်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂက ဒီဇင်ဘာ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

သေဆုံး

ဇင်ဘာဘွေနိုင်ငံ၌ ကာလဝမ်းရောဂါ ဖြစ်ပွားသူဦးရေ ၁၃၉၆၀ရှိပြီး မကြာမီရက်ပိုင်းအတွင်းက လူ ၄၀၀ သေဆုံးခဲ့ကြောင်း၊ ဟာရာရေးဆေးရုံတွင် ၁၈၉ ဦး ထပ်မံသေဆုံးခဲ့ကြောင်း၊ ထို့ကြောင့် ယခုအခါ ဝမ်းရောဂါကြောင့် သေဆုံးသူ ဦးရေမှာ ၅၈၉ဦးရှိသွားပြီဖြစ်ကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။

တောင်းဆို

တောင်အာဖရိကတိုက်ရှိ ဇင်ဘာဘွေနိုင်ငံတွင် ကာလဝမ်းရောဂါ ကူးစက်ပျံ့နှံ့မှုစာရေရိက္ခာပြတ်လပ်ခြင်းနှင့် စီးပွားရေးဖရိုဖရဲဖြစ်မှုတို့ ဖြစ်ပွားလျက်ရှိ ကြောင်း၊ ယင်းအချက်များသည် သမ္မတ ရောဘတ်မူဂါဘီ နုတ်ထွက်ရန် တောင်းဆိုရေးအတွက် အနောက်နိုင်ငံများအား ထပ်မံစေ့ဆော်ပေးသကဲ့သို့ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

(အင်တာနက်)

ဆေးကုသမှုခံယူ

ပါကစ္စတန်အနောက်မြောက်ပိုင်း ဖရွန်တီယာပြည်နယ် ဘူနာခရိုင်ရှိ ကာလီဒေသတွင် ဒီဇင်ဘာ ၉ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူများ ဆေးကုသမှု ခံယူနေရသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အိန္ဒိယ၌ ခရီးသည်တင် ဘတ်စ်ကားမီးလောင် ၆၃ဦး သေဆုံး ၃၃ဦးဒဏ်ရာရရှိ

နယူးဒေလီ ဒီဇင်ဘာ ၁၁

အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ် ပြည်နယ်မြောက်ပိုင်းတွင် ဒီဇင်ဘာ ၁၀ရက်က ခရီးသည်တင်မော်တော်ယာဉ်တစ်စီး မတော်တဆဖြစ်ရပ်ကြောင့် မီးလောင်မှုဖြစ်ပွားရာ ၆၃ဦး သေဆုံးသွားကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

ထုတ်ဖော်ဝန်ခံ

အဆိုပါ ဘတ်စ်ကားသည် မာသူရာမြို့မှ ဆူလ်တန်ပူရာမြို့သို့ အသွားလမ်း၌မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ သေဆုံးသူများတွင် အမျိုးသမီးနှင့်ကလေးငယ်များအပါအဝင် စုစုပေါင်း ၆၃ဦးပွဲချင်းပြီး သေဆုံးသွားခြင်း ဖြစ်သည်။ ခရီးသည် ၃၃ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နီးစပ်ရာဆေးရုံသို့ တင်ပို့ပေးထားကြောင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။ (အင်တာနက်)

ကင်မရွန်းကမ်းလွန်၌ စက်လှေနစ်မြုပ် ၃၇ ဦးသေဆုံး ခြောက်ဦးပျောက်ဆုံး

ဂီနာ ဒီဇင်ဘာ ၁၁

ကင်မရွန်းနိုင်ငံ ကမ်းလွန်၌ ဒီဇင်ဘာ ၁၀ရက်က ခရီးသည်တင်စက်လှေကြီးတစ်စင်းနစ်မြုပ်ခဲ့ရာ ၃၇ဦးသေဆုံးပြီး ခြောက်ဦးပျောက်ဆုံးလျက်ရှိကြောင်း ကင်မရွန်း အရာရှိများက ပြောကြားသည်။

ရိုက်ပုတ်ခံရ

ခရီးသည်တင်စက်လှေနစ်မြုပ်မှုမှာ ရာသီဥတုဆိုးရွားပြီး ပင်လယ်၌ရေလှိုင်းကြီးများ ရိုက်ပုတ်ခံရခြင်းကြောင့် ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

မကြာခဏ

လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်သော အနောက်အာဖရိကနိုင်ငံများတွင် ပြည်သူများသည် ကူးသန်းရောင်းဝယ်ရန် ရေကြောင်းလမ်းကိုသာ အသုံးပြုနေရပြီး လှေမတော်တဆနစ်မြုပ်မှုများမှာ မကြာခဏ ဖြစ်လေ့ဖြစ်ထရှိသော ဖြစ်ရပ်များ ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ (အင်တာနက်)

အီရတ်နိုင်ငံ တောင်ပိုင်း၌ ဗုံးဖောက်ခွဲ တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသောကားတစ်စီးကို ဒီဇင်ဘာ ၁၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အင်တာနက်ကျန်းမာရေး

မျက်တောင်ကော့ခြင်းနှင့် မျက်တောင်ရှည်ရန်ပြုလုပ်ခြင်း မျက်စိတိမ်နှင့် အခြားရောဂါများရရှိနိုင်

အမျိုးသမီးများအနေဖြင့် မျက်တောင်ကော့ခြင်းကို တစ်ခါတစ်ရံပြုလုပ်မှုမှာ ခွင့်ပြုနိုင်စရာဖြစ်သော်လည်း မကြာခဏ ပြုလုပ်ပါက ရေတိမ်ရောဂါဖြစ်ပွားနိုင်ကြောင်း ဗြိတိသျှဆေးသုတေသနပညာရှင်များက သတိပေးပြောကြားလိုက်သည်။

မျက်စိတိမ်ကျ

ထို့အပြင် အချို့အမျိုးသမီးများမှာ ရှိရင်းစွဲမျက်တောင်မွေးထက် ပိုမိုရှည်လျားရန် ကြိုးစားခြင်းသည် မျက်စိအမြင်အာရုံ ချို့ယွင်းမှုကို ဖြစ်စေတတ်ကြောင်းနှင့် မျက်စိတိမ်ကျတတ်ကြောင်းလည်း ၎င်းတို့က ပြောကြားသည်။

ဖော်ပြထား

သို့သော် မျက်တောင်မွေးများ ပိုမိုသန်စွမ်းစေသည့်ဆေးများမှာမူ မျက်တောင်မွေးများမည်းနက်သန်စွမ်းစေရန် အထောက်အကူပြုစေကြောင်း မကြာမီက ပြုလုပ်သော သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြထားသည်။

မျက်စိရောဂါရနိုင်

တစ်ခါတစ်ရံသာ အသုံးပြုသင့်သော မျက်တောင်ကော့ခြင်းနှင့် မျက်တောင်မွေးများ သန်စွမ်းအောင်ဆေးဝါးသုံးစွဲခြင်းတို့ကို ကြိမ်ဖန်များစွာပြုလုပ်ပါက မျက်စိရောဂါများရနိုင်ကြောင်း ဗြိတိသျှ သုတေသနပညာရှင်များက သတိပေးထားသည်။

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အာကာသသိပ္ပံ

နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ အာရက်စ် ၁-အိက်စ် ဒုံးပျံယာဉ်လွှတ်တင်မည်

လာမည့် ၂၀၀၉ ခုနှစ်လယ်တွင် အာကာသသို့ ဒုံးပျံယာဉ်တစ်စင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း၊ အဆိုပါအာကာသယာဉ်၌ စားနပ်ရိက္ခာများပါရှိသွားမည်ဖြစ်ပြီး နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ရိက္ခာဖြည့်ဆည်းရေးနှင့် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်ရန်ဖြစ်ကြောင်း နာဆာမှ သတင်းထုတ်ပြန်သည်။



အာရက်စ် ၁-အိက်စ်ဟု အမည်ပေးထားသော အဆိုပါ အာကာသယာဉ်သည် နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ သွားရောက်မည့်ခရီးစဉ်သာမက လနှင့် အင်္ဂါဂြိုဟ်များသို့ အာကာသယာဉ်မှူးများ ပို့ဆောင်ပေးရန် ရည်ရွယ်ထားသည်။

လွှတ်တင်ရန်စီစဉ်

လာမည့် ၂၀၀၉ ခုနှစ်လယ်တွင် လွှတ်တင်ရန်ပြင်ဆင်နေသည့် အာရက်စ် ၁-အိက်စ် အာကာသယာဉ်ကို ၂၀၀၉ခုနှစ်လယ်၌ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသယာဉ်စခန်းမှနေ၍ လွှတ်တင်ရန် စီစဉ်ထားသည်။

ထပ်မံဖြည့်ဆည်း

နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ခရီးသွားဧည့်သည်များ လိုက်ပါနိုင်ရေးအတွက် ပထမဦးဆုံးစမ်းသပ်ပျံသန်းမည့် အစီအစဉ်လည်းဖြစ်ရာ လိုအပ်သည့်နည်းပညာများကို ထည့်သွင်းအသုံးပြုရေးအတွက်လည်း ထပ်မံဖြည့်ဆည်းမှုများ ပြုလုပ်လျက်ရှိသည်။ **(အင်တာနက်)**

ဟာသအမောပြေ

ဖြစ်ရမယ် ....

နယူးယောက်မြို့ ဆေးတက္ကသိုလ်တစ်ခုတွင် ပါမောက္ခတစ်ဦးက ကျောင်းသားများကို စာသင်ကြားရန် အသင့်ယူလာသောပစ္စည်းတစ်ခုကို အားလုံးမြင်သာအောင် စားပွဲပေါ်သို့ တင်ထားလိုက်သည်။ ထို့နောက် အသင့်ဖျော်ပေးထားသော ကော်ဖီနှင့်မုန့်ကို ခပ်မြန်မြန်စားပြီး စာသင်ကြားလေသည်။

ပါမောက္ခ ॥ ॥ ကဲ…တပည့်တို့အားလုံး နားထောင်ကြပါ။
ကျောင်းသားများ ॥ ॥ ဟုတ်ကဲ့။
ပါမောက္ခ ॥ ॥ ဟောဒီစားပွဲပေါ်မှာ တင်ထားတဲ့ ပစ္စည်းကို မြင်ကြလား။
ကျောင်းသားများ ॥ ॥ မြင်ပါတယ်ဆရာကြီး…
ပါမောက္ခ ॥ ॥ အေး…အဲဒီပစ္စည်းကတော့ လူကိုအန္တရာယ်ပြုစေတဲ့ ဗက်တီးရီးယားပိုးတွေစွဲကပ်နေတဲ့ သားအိမ်တစ်ခုပဲဖြစ်တယ်…

ထိုအခါ ရှေ့ဆုံးတန်းမှ ကျောင်းသားတစ်ဦးက ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး…

ကျောင်းသား ॥ ॥ ဆရာကြီး…အခုပြထားတာ ဟမ်ဘာကာဖြစ်ပါတယ်… သားအိမ်မဟုတ်ပါဘူး။
ပါမောက္ခ ॥ ॥ ဒါဆို…ခုန ငါစားလိုက်တာ ဘာပါလိမ့်…
ကျောင်းသား ॥ ॥ ဟောဗျာ

ဘဝဒဿန

∗ *Books are the carriers of civilization. Without books, history is silent, literature dumb, science crippled, thought and spectulation at a standstill. I think that there is nothing, not even crime, more opposed to poetry, to philosophy, ay, to life itself than this incessant business.*

∗ *စာအုပ်များသည် ယဉ်ကျေးမှုကို ဆောင်ကြဉ်းပေးသည့် စေတမန်များသဖွယ် ဖြစ်ကြသည်။ စာအုပ်များမရှိပါက သမိုင်းသည်တိတ်ဆိတ်နေလိမ့်မည်။ စာပေသည်ဆိတ်သုဉ်းသွားလိမ့်မည်။ သိပ္ပံပညာသည် အကြီးအကျယ် ထိခိုက်ပျက်ပြုန်းသွားလိမ့်မည်။ စိတ်ကူးစိတ်သန်းနှင့် မျှော်မှန်းချက်များသည်လည်း လုံးဝဥဿုံ ရပ်တန့်သွားပေလိမ့်မည်။ အကယ်၍သာ ထိုအရာများမရှိပါက အမြဲတမ်း မရပ်မနားဖြစ်ပေါ်လေ့ရှိသော ရာဇဝတ်မှုခင်းများ အဆက်မပြတ်ဖြစ်ပွားကာ ကဗျာလင်္ကာများ၊ လောကအမြင်များအား ပိုမိုဆန့်ကျင်ပြီး ဘဝကို ရေစုန်မျှောလိုက်နေကြပေလိမ့်မည်။*

ဟင်နရီဒေးဗစ်သိုရီယူ
(အမေရိကန်လူမျိုး အတွေးအခေါ်ပညာရှင်)

နိုင်ငံတကာမှုခင်း

ကလေးသူငယ်အလွဲသုံးမှုတွင် ပါဝင်ပတ်သက်မိခဲ့သော ဇနီးမောင်နှံနှစ်ဦး၏ အဖြစ်သနစ်

စတော့ခ်တန်မြို့သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အလယ်ပိုင်းတွင်ရှိသော မြို့လေးတစ်မြို့ ဖြစ်သည်။ ထိုမြို့လေးတွင် ဆယ်ကျော်သက် လူငယ်တစ်ဦးအား ၎င်းတို့၏အိမ်တွင် ဖမ်းဆီးချုပ်နှောင် ထိန်းသိမ်းထားပြီး လက်ထိတ်ခတ်ကာ ရိုက်နှက်ခဲ့သော ဇနီးမောင်နှံမှာ ၎င်းတို့ကိုယ်တိုင် ပြန်လည်လက်ထိပ်ခတ် အဖမ်းခံရပြီး တရားရုံး၌ တရားရင်ဆိုင်နေရသော ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။

ဆိုင်းငံ့ထား

ထိုဇနီးမောင်နှံမှာ မိုက်ကယ် စကူမာချာနှင့် ကယ်လီလေနီလော် **(ယာဗုံ)** တို့ဖြစ်ကြပြီး ယခုနှစ် ဒီဇင်ဘာ၄ရက်က စတင်၍ ရုံးတင်စစ်ဆေးခဲ့သည်။ ၎င်းတို့ဇနီးမောင်နှံ ထိန်းသိမ်းချုပ်နှောင်ထားသော လူငယ် လွတ်မြောက်သွားကာ ၎င်းတို့ဇနီးမောင်နှံ ဖမ်းဆီးခံရကတည်းက ပထမဦးဆုံးအကြိမ် ရုံးထုတ် စစ်ဆေးခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ဇနီးမောင်နှံအား ပြန်ပေးဆွဲမှုနှင့် ကလေးသူငယ်အလွဲသုံးမှုဖြင့် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ ယခင်က အဆိုပါ ဆယ်ကျော်သက်လူငယ်အား ထိန်းသိမ်းစောင့်ရှောက်ခဲ့သူ ကာရင်ရာ မီရက်ဇ်အမည်ရှိ အမျိုးသမီးအားလည်း အလားတူစွဲချက်များဖြင့် စွဲချက်တင်ထားသည်။ သို့သော်လည်း သူမ၏စိတ်ရောဂါ ခံစားနေရမှုကို ချင့်တွက်ကာ သူမအား ရုံးထုတ်ရက်ကို ဆိုင်းငံ့ထားခဲ့သည်။

တစ်သက်တစ်ကျွန်း

စကူမာချာနှင့် ကယ်လီတို့ဇနီးမောင်နှံအား ကြီးလေးသော ပြစ်မှုကြီး ၁၃မှုနှင့် စွဲချက်တင်ခဲ့ပြီး ကာရင်အား ၁၀မှုနှင့် စွဲချက်တင်ခဲ့သည်။ ယင်းစွဲချက်များတွင် ကလေးအား ခန္ဓာကိုယ်ထိခိုက်နာကျင်စေမှု၊ ကလေးလူငယ် အလွဲသုံးမှုနှင့်နှောင့်ယှက်ဖျက်ဆီးမှုတို့ပါဝင်ပြီး ပြစ်မှုထင်ရှားပါက တစ်သက်တစ်ကျွန်း ထောင်ဒဏ်အထိ ပြစ်ဒဏ်ကျခံရဖွယ်ရှိသည်ဟု ယင်းအမှုကို စစ်ဆေးနေသည့် ဆန်ဂျိုအာကင် စီရင်စုတရားသူကြီးရုံးက ပြောကြားခဲ့သည်။

ထွက်ပြေး

အဆိုပါ အခင်းဖြစ်ရပ်သည် ၂၀၀၇ ခုနှစ် ဇူလိုင်လက ဆန်ဖရန်စစ္စကိုမြို့၏ အရှေ့ဘက်မိုင် ၆၀အကွာ စတော့ခ်တန်မြို့ ထရေစီအရပ်ရှိ ၎င်းတို့ဇနီးမောင်နှံ၏ နေအိမ်တွင် ဖြစ်ပွားခဲ့သည်။ ၎င်းတို့ဇနီးမောင်နှံ၏ ဖမ်းချုပ် ထိန်းသိမ်းခံရသော ဆယ်ကျော်သက် လူငယ်သည် ၎င်းတို့ဇနီးမောင်နှံ၏ နေအိမ်မှ ယခုနှစ် ဒီဇင်ဘာ ၁ရက်က လွတ်မြောက်လာခဲ့ပြီး အနီးအနားရှိ ကွဲ့ခိုင်ရေးဌာနသို့ ထွက်ပြေးခဲ့သည်။ တရားရုံး ထုတ်သည့်နေ့တွင် လူငယ်သည် ပိန်ချုံးချည့်နဲ့နေပြီး အသားအရေ မွဲခြောက်နေပေပြီ။

မှာကြားထား

ယခုနှစ် ဒီဇင်ဘာ ၃ရက်က ထောင်တွင်း၌ တွေ့ဆုံမေးမြန်းမှုတစ်ရပ် ပြုလုပ်ခဲ့ရာ လူငယ်နှင့် အသက် ၄၃နှစ်ရှိ ကယ်လီတို့သည် နေထိုင်သွားလာစရာ နေအိမ်မရှိသဖြင့် လွန်ခဲ့သည့် တစ်နှစ်ကျော်ကတည်းက ၎င်းတို့၏မိသားစုနေထိုင်ရာ နေအိမ်တွင် မိသားစုနှင့်အတူ လာရောက်နေထိုင်ခဲ့ကြောင်း၊ သူမနှင့် စကူမာချာတို့အား ၎င်းညွှန်ကြားသည့်အတိုင်း လိုက်နာရန်နှင့် လုပ်သလိုလိုက်လုပ်ရန် ကာရင်က မှာကြားထားခဲ့ကြောင်း ကယ်လီက ပြောကြားခဲ့သည်။

ထို့အပြင် ကာရင်သည် လူငယ်၏ ဒူးခေါင်းကို ဘေ့စ်ဘောရိုက်တံနှင့် ငါးချက်မက ရိုက်နှက်ခဲ့ကြောင်း၊ အလွဲသုံးမှုတွင် ပါဝင်ခဲ့ရခြင်းမှာလည်း ကာရင်က သူတို့ဇနီးမောင်နှံ၏ သားသမီးများအား အန္တရာယ်ပြုမည်ကို စိုးရိမ်ကြောက်လန့်မှုကြောင့် ပါဝင်ခဲ့ရကြောင်း၊ ကာရင်သည် လူငယ်အား မီးရှို့ပြီး မီးလင်းဖိုတွင် အပူပေးထားသော အလူမီနီယံ ဘေ့စ်ဘော ရိုက်တံဖြင့် ရိုက်နှက်ခဲ့ကြောင်း၊ လူငယ်အား မည်သူကမျှ အစားအစာ ကျွေးမွေးခြင်းကို ခွင့်မပြုခဲ့ကြောင်း ကယ်လီက ပြောကြားခဲ့သည်။

လျှောက်လဲချက်ပေးခြင်းမရှိ

အသက် ၃၃နှစ်ရှိ စကူမာချာနှင့် အသက် ၃၀အရွယ်ရှိ ကယ်လီတို့ အဖမ်းခံရချိန်တွင် ၎င်းတို့ ၏ အသက်တစ်နှစ်မှ ကိုးနှစ်အတွင်းရှိ သားသမီးလေးဦးအား သက်ဆိုင်ရာက ကလေးထိန်းသိမ်းစောင့်ရှောက်ရေး ဂေဟာသို့ ပို့ပေးခဲ့ရသည်မှာလည်း မိဘနှစ်ဦးအဖို့ ရင်နင့်ကြေကွဲရာပင်။ သူတို့ဇနီးမောင်နှံနှစ်ဦးသည် တရားရုံးတွင် လျှောက်လဲချက်ပေးခြင်း မရှိခဲ့ချေ။

သင်ခန်းစာယူဖွယ်ရာ

ယခုဖြစ်ရပ်တွင် မိုက်ကယ် စကူမာချာနှင့် ကယ်လီလေနီလော်တို့ဇနီးမောင်နှံ အနေဖြင့် သားသမီးများအား အန္တရာယ်ပြုမည်ကို စိုးရိမ်မှုကြောင့် ပြစ်မှုတွင် ပါဝင်ပတ်သတ်ခဲ့ရသည် ဆိုသော်လည်း ဥပဒေသည် မျက်နှာသာ မပေးတတ်ကြောင်း သင်ခန်းစာယူဖွယ်ရာ အဖြစ်သနစ်အဖြစ် ရေးသားဖော်ပြလိုက်ရပါသည်။ ॥

ချစ်စိုးနိုင်ရေးသားသည်

ကာရင်သည် လူငယ်၏ဒူးခေါင်းကို ဘေ့စ်ဘောရိုက်တံနှင့် ငါးချက်မက ရိုက်နှက်ခဲ့ကြောင်း၊ အလွဲသုံးမှုတွင် ပါဝင်ခဲ့ရခြင်းမှာလည်း ကာရင်က သူတို့ ဇနီးမောင်နှံ၏ သားသမီးများအား အန္တရာယ်ပြုမည်ကို စိုးရိမ်ကြောက်လန့်မှုကြောင့် ပါဝင်ခဲ့ရကြောင်း၊ ကာရင်သည် လူငယ်အား မီးရှို့ပြီး မီးလင်းဖိုတွင် အပူပေးထားသော အလူမီနီယံဘေ့စ်ဘော ရိုက်တံဖြင့် ရိုက်နှက်ခဲ့ကြောင်း၊ လူငယ်အား မည်သူကမျှ အစားအစာ ကျွေးမွေးခြင်းကို ခွင့်မပြုခဲ့ကြောင်း ကယ်လီကပြောကြားခဲ့။

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား လားရှိုးမြို့တွင် ကျင်းပ

လားရှိုး ဒီဇင်ဘာ ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ၂၀၀၈ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၆ရက် မွန်းတည့် ၁၂ နာရီက လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စိုင်းစံဝင်းက ကမ္ဘာ့တစ်ဝန်းလုံး ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်နယ်ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာမြင့်ကျော်က ပြည်နယ် အတွင်း ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအားလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြ ကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ၂၀၀၈ခုနှစ် ကမ္ဘာ့ခုခံအား ကျဆင်းမှုကူးစက် ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ၊ တစ်ခန်းရပ်ပြဇာတ်၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား တိုင်းမှူး၊ ဇနီးဒေါ်ချယ်ရီနှင့် တာဝန်ရှိသူများက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် လားရှိုးမြို့ပေါ်ရှိ အခြေခံကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ တစ်ခန်းရပ် ပြဇာတ်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ပြသထားသည့် အထိမ်း အမှတ်ပြခန်းများအတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

တက်ရောက်

အခမ်းအနားသို့ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လားရှိုး တပ်နယ်၊ တပ်ရင်း၊တပ်ဖွဲ့မှူးများနှင့်ဇနီးများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြကြောင်း သိရသည်။

(ပြည်နယ် မြန်/ဆက်)

၂၀၀၈ ခုနှစ် လူသစ်တန်းကရာတေးဒိုပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းအားကစားနှင့် ကာယပညာ ကော်မတီတို့ပူးပေါင်း၍ ၂၀၀၈ခုနှစ် လူသစ်တန်းကရာတေးဒိုပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲတို့ကို နိုဝင်ဘာ ၂၈ရက် မှ ၃၀ရက်အထိ မန္တလေးမြို့ ဗထူးအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံကရာတေးဒို အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အလှူငွေပေးအပ်

ထို့နောက် ပြိုင်ပွဲဖြစ်မြောက်အောင် မြင်ရေးအတွက် မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ်သို့ အလှူရှင် ၂၇ဦးတို့က အလှူငွေ များကို ပေးအပ်ကြရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင်၊ အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး မြင့်နှင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်တို့က လက်ခံကြ ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်ကြကာ ပထမနေ့ ပြိုင်ပွဲများကို စတင်ကျင်းပသည်။

ပေးအပ်ချီးမြှင့်

နိုဝင်ဘာ ၃၀ရက် နံနက်ပိုင်းတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးကျော်စိုးမြင့်က ပွဲစဉ်အလိုက် အကောင်းဆုံး အားကစားသမားဆုရရှိသော မောင်ဝမ်းကိုကိုဦးနှင့် မသင်းသင်းသူဇာ (သစ်တောရေးရာဝန်ကြီးဌာန)တို့အား ဆု တံဆိပ်နှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်(**အပေါ်ပုံ**)က ၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ တွင် ဗိုလ်စွဲသွားသော သစ်တောရေးရာ ဝန်ကြီးဌာန အမျိုးသား၊ အမျိုးသမီးအသင်း တို့အား တံခွန်စိုက်ဒိုင်းဆုကြီးများနှင့် ဆုငွေ များကို ပေးအပ်ချီးမြှင့်၍ ကျန်ဆုများကို တာဝန်ရှိသူများက အလှည့်ကျပေးအပ်ချီးမြှင့် ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွန်ပျူတာအရောင်းမြှင့်တင်ရေး စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

Bye Bye 2008 Promotion နှင့် စပ်လျဉ်း၍ စာနယ်ဇင်း ရှင်းလင်းပွဲတွင် ဒါရိုက်တာ ဒေါ်မေဖြူ သွယ်က ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၁၁

Lucky Bird Co.,Ltd. (Supplier of Computer Needs)၏ Bye Bye 2008 Promotion နှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၃၅၅)ရှိ Lucky Bird Center II ၌ ကျင်းပ သည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ Lucky Bird Co., Ltd.မှ ဒါရိုက်တာ ဒေါ်မေဖြူသွယ်က Bye Bye 2008 Promotion အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Lucky Bird Co., Ltd.မှ Service Manager ဦးနေသူရက Toshiba AV Notebook Qosmio X 300-RED (New Model)ကို မိတ်ဆက်ရှင်းလင်းပြီး အထွေထွေမန်နေဂျာ ဦးသိန်းစိုးက သရုပ်ပြသသည်။

ပြန်လည်ဖြေကြား

ယင်းနောက် တက်ရောက်လာကြသော စာနယ်ဇင်းများမှ တာဝန်ရှိသူများက သိလိုသည့် အချက်များကို မေးမြန်းကြရာ Lucky Bird Co.,Ltd. မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

Toshiba AV Notebook-Qosmio X 300-RED(New Model)၏ထူးခြားချက်မှာ Professional Gamer များအတွက် စွမ်းဆောင်ရည် မြင့်မားစွာ အသုံးပြုနိုင်ပြီး Toshiba Projector များတွင် LCD နည်းပညာနှင့် DLP နည်းပညာတို့ဖြင့် ထုတ်လုပ်ထားသော Projector များပါရှိပြီး ဘောလုံးပွဲနှင့် ရုပ်ရှင်ပြသရန်အတွက် အထူးသင့်လျော် သည်။

Toshiba Notebook နှင့် Projector များကို International Warranty နှင့် Authorized Service Center တို့၏ ပံ့ပိုးမှုဖြင့် ဈေးနှုန်းသက်သာသော Model များကို ရောင်းချပေးသွားမည် ဖြစ်ပြီး Notebook များ၏ ကုန်ကျစရိတ် သက်သာစေရန် Notebook Warranty သက်တမ်းကို အများဆုံးသုံးနှစ်အထိ ထပ်မံ တိုးမြှင့်နိုင်သော Select Serv Program အစီအစဉ်လည်း ပါရှိသည်။

စုံစမ်းဝယ်ယူနိုင်

Lucky Bird Co.,Ltd. ၏ Bye Bye 2008 Promotion အစီအစဉ်တွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ထက်ဝက်လျှော့ချထားသော ဈေးနှုန်း (Up to Half Price Sales) ဖြင့်လည်း ကောင်း၊ Toshiba Notebook နှင့် Projector များကို ငွေကျပ် ၅၀၀၀၀ လျှော့ဈေးဖြင့် လည်းကောင်း၊ ကွန်ပျူတာ တစ်စုံဝယ်ယူသူတိုင်းအား ငွေကျပ် ၁၀၀၀၀ လျှော့ဈေးဖြင့် လည်းကောင်း၊ Printer နှင့် Scanner များကို လျှော့ဈေးနှုန်းများဖြင့် လည်းကောင်း၊ ဒီဇင်ဘာ ၁၂ရက်မှ ၂၂ ရက်အထိ အမှတ် (၃၅၅) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ အမှတ် ၅၊ ၂၆(ဘီ)လမ်း ၇၈လမ်း နှင့် ၇၉လမ်းကြား မန္တလေးမြို့နှင့် အမှတ်(၁၂) ရန်ကုန်-မန္တလေးလမ်း ဆင်ရတနာရှေ့ နေပြည်တော်ပျဉ်းမနား ဖုန်း-၀၁-၂၄၈၁၆၇၊ ၀၁-၃၇၉၈၇၅၊ ၀၂-၂၁၅၇၂၊ ၀၆၇-၂၃၁၉၀၊ ၀၉-၅၀-၁၁၄၅၀၊ ၀၉-၉၉-၂၇၇၂၉၊ ၀၉-၉၉-၂၄၅၄၄၊ ၀၉-၈၀-၂၂၀၂၅တို့ရှိ Lucky Bird Co.,Ltd. (Supplier of Computer Needs) အရောင်းဆိုင်များတွင် ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အင်္ဂပူ ညောင်ကျိုး အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၁

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ညောင်ကျိုးအခြေခံပညာအထက်တန်းကျောင်း၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၂၇ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် အဆိုပါကျောင်း ဝေန်ရောခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများ ကြွရောက်အပူဇော်ခံပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ စုံညီစွာတက်ရောက်ကြပါရန် နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

ပူဇော်ပွဲအတွက် အလှူငွေများ ဆက်သွယ်လှူဒါန်းလိုပါက ဦးအေးကျော် ဖုန်း-၀၉-၅၁-၃၁၂၆၀၊ ဦးကျော်စိန် ဖုန်း-၀၁-၅၇၇၆၁၂၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁-၃၅၀၈၆၊ ဦးထက်အောင် ဖုန်း-၀၉-၈၀-၃၂၅၄၀၊ ဦးအောင်ကိုလတ် ဖုန်း-၀၉-၅၁- ၈၇၁၇၂၊ ဒေါက်တာဌေးဝင်း ဖုန်း-၀၄၄-၂၁၉၁၇၊ ဦးတင်အုန်း ဖုန်း-၀၄၄-၃၀၂၉၇ နှင့် ဦးစိုးမြင့် ဖုန်း-၀၄၄-၃၀၂၀၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သန်လျင်မြို့နယ်အတွင်းမှ ငွေကျပ် ၃၃သိန်းခိုးယူသူ တရားခံအား ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးက ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်း ရွှေနှင့်ငွေကျပ် ၃၃သိန်း ခိုးယူသူအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၈ရက်တွင် သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ မတ် ၁၀ရက် ည ၁၂နာရီတွင် သန်လျင်မြို့မ တောင်ရပ်ကွက် သုခလမ်း အမှတ်(၁၉)နေ ဦးငွေထွန်းသည် အိပ်ရာ ဝင်ခဲ့ရာ မတ် ၁၁ရက် နံနက် ၄နာရီ အိပ်ရာမှထစဉ် နေအိမ်နောက် ဖေးတံခါးပွင့်နေသဖြင့် ပစ္စည်းများအား စစ်ဆေးကြည့်ရှုခဲ့ကြောင်း၊ အိမ်ခန်းအတွင်းထားရှိသော တစ်တုံးလျှင် ရွှေအလေးချိန် ၁၀ကျပ် သားခန့်ရှိ အကယ်ဒမီအခေါက်ရွှေတုံး ငါးတုံး၊ ရွှေအလေးချိန် လေးပဲသားခန့်ရှိ အမ်စီရွှေဆွဲကြိုးတစ်ကုံး၊ ဂျီအက်စ်အမ်ဖုန်း တစ်လုံးနှင့် ငွေစက္ကူရောရာ ကျပ် ၁၀၇၀၀၀၀ စုစုပေါင်း တန်ဖိုး ငွေကျပ် ၃၃၁၈၃၇၅၀ ပျောက်ဆုံးနေသဖြင့် သန်လျင်ရဲစခန်းသို့ တိုင်တန်းခဲ့ကြောင်း သိရသည်။

တရားခံနှင့်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းနိုင်ရေးအတွက် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ရာ ဒီဇင်ဘာ ၈ရက် ညနေ ၄နာရီတွင် ခိုးယူရရှိသည့် အလေးချိန် ၁၀ကျပ်သားခန့်ရှိ အကယ်ဒမီ အခေါက်ရွှေတုံးတစ်တုံးအား လာရောက်ရောင်းချသူ စိုးလေး(ခ)သဖီး အမှတ်(မရှိ) အေးမေတ္တာ(၃)လမ်း အေးမေတ္တာ ရပ်ကွက် သန်လျင်မြို့နယ်နေသူအား ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များက ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာ လမ်းတွင် ဖမ်းဆီးရမိခဲ့သည်။

ပြန်လည်သိမ်းဆည်းနိုင်

ဖမ်းဆီးရမိသူ စိုးလေး(ခ)သဖီး(**ယာပုံ**)အား စစ်ဆေးရာ သန်လျင်မြို့ မြို့မတောင်ရပ်ကွက်ရှိ ဦးငွေထွန်း၏အိမ်မှ ရွှေ၊ ငွေများအား ခိုးယူခဲ့ကြောင်းဝန်ခံပြီး စိုးလေး(ခ)သဖီး၏ နေအိမ်မှ ရွှေအလေးချိန် တစ်တုံးလျှင် ၁၀ကျပ်သားကျော်ခန့်ရှိ အကယ်ဒမီ အခေါက်ရွှေတုံး နှစ်တုံး၊ ငွေကျပ် ၁၆သိန်း၊ ရွှေဆွဲကြိုး တစ်ကုံး၊ မြန်မာအကြွေစေ့နှင့် နိုင်ငံခြားအကြွေစေ့ရောရာ ၄၄စေ့၊ ထုချေ ဖျက်ဆီးထားသည့် ဂျီအက်စ်အမ်ဖုန်း တစ်လုံး၊ ၄င်းရောင်းချထား သော ရွှေဘုံသာလမ်း၊ အမှတ် ၁၁၁ရှိ ဦးမန်းနီးထံမှ ရွှေအလေးချိန် တစ်တုံးလျှင် ၁၀ကျပ်သားကျော်ခန့်ရှိ အကယ်ဒမီအခေါက် ရွှေတုံးတစ်တုံး၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၆၂ရှိ ကြွယ်ဝရွှေဆိုင်မှ ရွှေအလေးချိန်တစ်တုံးလျှင် ၁၀ကျပ်သားကျော်ခန့်ရှိ အကယ်ဒမီ အခေါက်ရွှေတုံး တစ်တုံး စုစုပေါင်း အကယ်ဒမီအခေါက်ရွှေတုံး ငါးတုံး၊ ဆွဲကြိုးတစ်ကုံး၊ ငွေကျပ် ၁၆သိန်းနှင့် ငွေအကြွေစေ့များကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း ပြစ်မှုကျူးလွန်သူ စိုးလေး(ခ) သဖီးအား သန်လျင်ရဲစခန်းမှ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူဆယ်မြို့နယ်၌စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၁

မူဆယ်မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၁၃၇၀ ပြည့်နှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေ ဟောပြောပွဲကို ၁၃၇၀ ပြည့်နှစ် နတ်တော် လဆန်း ၁ ရက် (နိုဝင်ဘာ ၂၈) ရက်တွင် မူဆယ်မြို့နယ်ခန်းမ၌ကျင်းပရာ စာရေး ဆရာများ ဖြစ်ကြသော မြင်းမူမောင် နိုင်မိုး၊ ခင်ခင်ထူး၊ နေဝင်းမြင့်နှင့် ကံချွန် တို့က စာပေရေးရာများကို ဟောပြောကြပြီး မူဆယ်မြို့နယ်အတွင်းရှိဌာနဆိုင်ရာ အကြီး အကဲများ၊ စာပေ ဝါသနာရှင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက် နားထောင်ခဲ့ကြကြောင်းသတင်းရရှိသည်။



(သတင်းစဉ်)

နေပြည်တော် ခုတင် (၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ခေတ်မီစက်ကိရိယာများ အသုံးပြု၍ နှလုံးရောဂါ စမ်းသပ်ကုသပေး

နေပြည်တော် ဒီဇင်ဘာ ၁၁

နှလုံးသွေးကြောအတွင်း စစ်ဆေးမှု ဓာတ်မှန် Cardiae cath အသုံးပြု၍ နှလုံးသွေးကြောပိတ်ရောဂါ စမ်းသပ်စစ်ဆေးကုသမှုကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော် ခုတင် (၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး နှလုံးသွေးကြောပိုက်ထည့် စမ်းသပ်ခန်း၌ နှလုံးသွေး ကြောအတွင်း စစ်ဆေးမှုဓာတ်မှန်အသုံးပြု၍ နှလုံးရောဂါအထူးကုဌာန နှလုံးဆေးကုသဌာန ပါမောက္ခ ဒေါက်တာတင်လတ် ဦးဆောင်ကာ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများပူးပေါင်း၍ အသက် ၆၁နှစ်ရှိ နှလုံးသွေးကြောကျဉ်းရောဂါလူနာ ဦးဖိုးထွေးအား စမ်းသပ်စစ်ဆေးကုသသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ စမ်းသပ်စစ်ဆေးကုသမှုကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် တာဝန်ရှိသူများနှင့် အတူ သွားရောက်ကြည့်ရှုအားပေးပြီး ထိန်းချုပ်ခန်း၌ ကွန်ပျူတာအသုံးပြု၍ ထိန်းချုပ်မှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်ဆည်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အထူးကြပ်မတ်ကုသခန်း Intensive Care Unit သို့ သွားရောက်၍ လူနာများအား အထူးကြပ်မတ် ကုသပေးမှု၊ အရေးပေါ် အဓိကလိုအပ်သည့် ဆေးဝါးများ၊ ခေတ်မီ စက်ပစ္စည်းကိရိယာများ ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ခေတ်မီစက်ကိရိယာ

နေပြည်တော် ခုတင် (၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် အထူးကုဌာနများ၊ ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသခန်းနှင့် နှလုံးသွေးကြောအတွင်း စစ်ဆေးမှု ဓာတ်မှန်ကို ၂၀၀၇ခုနှစ် စက်တင်ဘာ ၂၇ရက်တွင် ဖွင့်လှစ်ခဲ့ပြီး အထူးကုဆရာဝန်ကြီးများနှင့် ခေတ်မီစက်ပစ္စည်းကိရိယာများ အသုံးပြုကာ ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၇) အမှတ်(၁၅) ထွက်နေပြီ

ရန်ကုန် ဒီဇင်ဘာ ၁၁

တန် ၅၀အဆင့်မြင့် စက္ကူစက်ရုံ(သာပေါင်း)ဖွင့်ပြီ၊ မြန်မာ့စီးပွားရေး စီမံကိန်းများသည် ကမ္ဘာ့စီးပွားရေး အကျပ်အတည်းဂယက်ကို ရင်ဆိုင်ရန် အကောင်းဆုံး ကိုယ်ခံအားဖြစ်သည်။ ပြည်သူချစ်သော၊ ပြည်သူယုံကြည်သော၊ ပြည်သူအားကိုးသော ပြည်သူ့ကိုယ်စားလှယ်နှင့် ပြည်သူ့ ခေါင်းဆောင်ဖြစ်လာရေးကြိုးပမ်း၊ လက်ရှိနိုင်ငံရေး အပြောင်းအလဲအပေါ် ဝါရင့်နိုင်ငံရေးသမားကြီးများ၏ အမြင်နှင့် သဘောထားကို မျိုးဆက်သစ်များလေ့လာ၊ ရေလှောင်တမံစီမံကိန်းကြီး၄ခု အကောင်အထည်ဖော်မည်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် ဧရာဝတီတိုင်း လမ်းကွန်ရက်အကောင်အထည်ဖော်မည်၊ ရေအားလျှပ်စစ်စီမံကိန်း ၁၅ခု အကောင်အထည်ဖော်မည်၊ မဟာဓာတ်အားလိုင်း စီမံကိန်း ကိုးခုနှင့် ပင်မဓာတ်အားခွဲရုံ စီမံကိန်း ၁၉ခု ဆက်လက်အကောင်အထည်ဖော်မည်၊ မြန်မာ တစ်နိုင်ငံလုံး မီးရထားလမ်းကွန်ရက် ယှက်ဖြာစေမည်စသည့် သတင်းဆောင်းပါးများပါဝင်သည့် ယခုအပတ်ထုတ် ရွှေနိုင်ငံသတင်း ဂျာနယ်အတွဲ(၇) အမှတ်(၁၅) ထွက်ပြီဖြစ်သည်။ **(ဝဲပုံ)**

ထို့အပြင် အဆိုပါဂျာနယ်၌ မြန်မာနှင့် အီဂျစ် လယ်ယာစိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလာရေး ပူးပေါင်းဆောင်ရွက်မည်၊ မြန်မာနှင့် အိန္ဒိယကိုယ်စားလှယ်အဖွဲ့ ကုန်သွယ်မှု တိုးမြှင့်ရေးဆွေးနွေး၊ ရေနံဈေး ကျဆင်းမှု အခွင့်အရေးကို အမိအရ ဆုပ်ကိုင်၊ မြန်မာနိုင်ငံမှ ပဲမျိုးစုံကို အိန္ဒိယမှ ပုံမှန်ဝယ်ယူရေးညှိနှိုင်း၊ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြောင့် ကဏန်းနှင့် ငါးရှဉ့်ဈေးကွက် ထိခိုက်မှုမရှိနိုင်၊ ပထမပုဂ္ဂလိက ဘဏ် ရှယ်ယာဈေးမြင့်တက် စသည့် ပြည်တွင်းပြည်ပ သတင်းများ၊ ဓာတ်ပုံများ ဝေဝေဆာဆာ ဖော်ပြပါရှိသည်။

ယင်းဂျာနယ်ကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ပြီး စာမူပေးပို့ရန်နှင့် ဆက်သွယ်ရန်လိပ်စာမှာ ရွှေနိုင်ငံသတင်း ဂျာနယ် အမှတ်(၂၂၈) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အဆောက်အအုံ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ မြဝတီတွင်ကျင်းပ

မြဝတီ ဒီဇင်ဘာ ၁၁

မြဝတီခရိုင်ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ၇ရက် နံနက်၈နာရီတွင် မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးထွန်းထွန်းဝင်း **(အပေါ်ပုံ)**က အမှာစကား ပြောကြားပြီး ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာဇင်လှမောင်က အသိပညာပေးလုပ်ငန်းနှင့်လုပ်ငန်းလှုပ်ရှားဆောင်ရွက်မှုကို ရှင်းလင်းပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများတွင်ဆုရရှိသောကျောင်းသူကျောင်းသားများအား အလယ်တန်းအဆင့်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကလည်းကောင်း ဆုများ အသီးသီး ချီးမြှင့်ပေးပြီး သောင်ရင်းခန်းမရှေ့၌ ပြသထားသော ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ နံရံကပ်ပိုစတာပြပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒဘွဲ့ရ ကျောင်းသား ကျောင်းသူများ မြတ်ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၁

၁၉၇၄ - ၇၈ ခုနှစ် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ် ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ ဘွဲ့ရကျောင်းသား ကျောင်းသူများ၏ တတိယအကြိမ် မြတ်ဆရာကန်တော့ပွဲနှင့် နှစ်(၃၀)ပြည့် ပုလဲရတုမိတ်ဆုံပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသူများသည် ဦးလှသိန်း ဖုန်း-၀၉-၅၀-၁၃၄၆၉၊ ၂၂၄၄၀၀၊ ဦးကျော်မိုးစိန် ဖုန်း-၀၉-၈၉-၂၅၆၀၃၊ ၆၅၀၅၇၉၊ ဦးလှမောင်ရွှေ ဖုန်း-၀၉-၅၁-၄၇၉၇၄၊ ၅၀၂၆၈၁၊ ဦးထွန်းထွန်း ဖုန်း-၀၉-၈၀-၂၁၃၄၀၊ ၂၉၃၃၆၆၊ ဦးအောင်သူမြင့် ဖုန်း-၀၉-၈၀-၂၀၂၉၉၊ နွေနွေအောင် ဖုန်း-၀၉-၅၁-၁၃၂၄၃၊ ၂၂၅၅၀၂ တင်တင်ဝင်း ဖုန်း-၀၉-၈၉-၂၃၂၄၇၊ ၂၅၆၉၈၉၊ မေအေးမြင့် ဖုန်း-၆၆၀၂၆၈၊၆၆၃၆၇၃နှင့် သန်းသန်းနွယ် ဖုန်း-၀၉-၅၁-၂၄၁၆၀၊ ၆၆၀၅၉၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်းဖွင့်ပွဲ

နေပြည်တော် ဒီဇင်ဘာ ၁၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၃၆)ဖွင့်ပွဲကို ဒီဇင်ဘာ ၁ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီး လှသိန်းဆွေ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းကိုဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အခွန်ဦးစီးဌာနမှူး ၅၀ တက်ရောက်ကြပြီး ရက်သတ္တလေးပတ်ကြာ အခွန်ဆိုင်ရာဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် စက်မှုဇုန်ရှိ မြန်မာ့ဆံကေသာစက်ရုံ၌ ကျင်းပသည်။

ဟောပြောဆွေးနွေး

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာညွန့်ညွန့်ဦး**(အပေါ်ပုံ)**က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးပြီး အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို လက်ခံသည်။ ထို့နောက် စည်းရုံးရေးဌာနကြီး ဒုတိယခေါင်းဆောင် ဒေါ်သိန်းသိန်းညွန့်က လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာများ အကြောင်းကိုလည်းကောင်း၊ စည်းရုံးရေးဌာနကြီး အတွင်းရေးမှူး ဒေါက်တာမြတ်လေးကျင်က ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ အသိပညာများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွံတေးမြို့နယ် ကျွဲသလင်းကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် သဝန်းတောကျေးရွာအုပ်စု ကျွဲသလင်းကျေးရွာ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ငွေပဒေသာပင်၊ စာအုပ်များ လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်၊ မြို့နယ်ဦးစီးမှူး ဦးအေးသောင်းနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီ နာယက ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါအခမ်းအနားတွင် စေတနာရှင်၊ အလှူရှင်များက ကျေးရွာစာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ် ၅၈၀၀၀၀ကို ပေးအပ်လှူဒါန်းပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်း၊ခရိုင်၊ မြို့နယ်ရုံးတို့ကလည်း စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။ ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နှင့် ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးတို့က စာကြည့်တိုက်များ ရေရှည်ခိုင်မာရှင်သန် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေး အလှူငွေများပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၁

ရန်ကုန်စက်မှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့၌ အချိန်ပြည့်၊ အချိန်ပိုင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာဆရာမကြီးများအား မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၆ရက်က ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့ပြအင်ဂျင်နီယာဘွဲ့ရများဖြစ်ကြသော ဦးတင့်ဆန်း(၁၉၈၁) (ACE ဆောက်လုပ်ရေး)က ငွေကျပ် ခုနစ်သိန်း၊ဦးဝင်းနိုင်(၁၉၈၀)-ဒေါ်သန်းသန်းဆွေ(၁၉၈၁)က ငွေကျပ်ငါးသိန်းနှင့် ၁၉၈၀ ပြည့်နှစ် ဘွဲ့ရရှိသူများက ငွေကျပ်သုံးသိန်း စုစုပေါင်း ငွေကျပ် ၁၅သိန်းကို လှူဒါန်းသူများကိုယ်စား ဦးဝင်းနိုင် (၁၉၈၀)က လည်းကောင်း၊ ၁၉၇၅ခုနှစ် ဘွဲ့ရသူများကိုယ်စား ဦးခင်လတ်က ငွေကျပ်နှစ်သိန်းကိုလည်းကောင်း**(ယာပုံ)** ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြ အင်ဂျင်နီယာများ ကိုယ်စား ဒုတိယအကြိမ် စုပေါင်းလှူဒါန်း ငွေကျပ် ၇၅၅၀၀၀ကို ဆောက်လုပ်ရေး ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီး (အင်ဂျင်နီယာမှူးကြီး) ဦးကိုကိုကလည်းကောင်း ပူဇော်ပွဲဖြစ် မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအုန်းကျော်ထံ ပေးအပ်လှူဒါန်းသည်။ **(မြန်မာ့အလင်း)**



နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၈ ခုနှစ် ဒီဇင်ဘာလအတွက်

(၁၄-၁၂-၂၀၀၈) ရက်နေ့

နှင့်

(၂၈-၁၂-၂၀၀၈) ရက်နေ့

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦး၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ တတိယအကြိမ်မြောက် ပန်းပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သစ်တော)

ဘူမိဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၁

၁၉၆၈-၆၉-၇၀ ခုနှစ် ဘွဲ့ရ ဘူမိဗေဒကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ၄ရက် (လွတ်လပ်ရေးနေ့)တွင် လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ အာစရိယပူဇော်ပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုပါက ဦးမြင့်ဝေ ဖုန်း-၆၄၁၁၉၂၊ ၆၄၁၉၅၀၊ ဦးသိန်းဝင်း ဖုန်း-၅၈၀၆၂၅၊ ၀၉-၅၁-၆၉၅၂၁၊ ဦးတင်ကျော်သန်း ဖုန်း-၅၇၁၀၂၈၊ ၀၉-၅၀-၀၂၅၈၁ နှင့် ဦးတင့်နောင် ဖုန်း-၂၂၅၅၆၉၊ ၀၉-၂၀-၀၅၆၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုလေ့လာ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌွေးဦးနှင့် ဝန်ကြီးများ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ ခေတ်မီကလေးကစားကွင်းတွင် ကြည့်ရှုလေ့လာကြစဉ်။ (သစ်တော)

❒ *ကျောဖုံးမှ*

သရုပ်ဖော်ပြသ

အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)၏ တတိယအကြိမ်မြောက် ပန်းပွဲတော်တွင် ပြည်တွင်း ပန်းအမျိုးပေါင်း ၁၆ မျိုး၊ ပြည်ပ ပန်းအမျိုးပေါင်း ၇၀ ကျော်ဖြင့် ပန်းပွင့်အရေအတွက် ခုနစ်သန်းကျော်ကို မြိုင်မြိုင်ဆိုင်ဆိုင် ခင်းကျင်းပြသထားသည်။ ထို့ပြင် မြန်မာပြည်မြေပုံနှင့် ဒီဇိုင်းရုပ်တုအမျိုးမျိုးကို ပန်းပွင့်များဖြင့် ဝေဝေဆာဆာ လှပစွာ သရုပ်ဖော်ပြသထားသည်။

တီထွင်ဆန်းသစ်

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသားကန်တော်ကြီးဥယျာဉ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို သစ်တောရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာ ပြည်တွင်းပြည်ပ သစ်မျိုး ၆၀ဝနီးပါး၊ မြန်မာ့သစ်ခွမျိုး ၃၀၀၊ ရွက်လှ၇၅မျိုး၊ ဝါးမျိုး၇၅မျိုးတို့ကို စိုက်ပျိုးပြသထားသည်။ မျက်စိပသာဒရှိစေရန်နှင့် အပန်းဖြေစိတ်ရွှင်လန်းစေရန် မြက်ခင်းနှင့် ရောင်စုံပန်းမျိုးများတို့ကို ရင်သပ်ရှုမောဖွယ် မြက်ခင်းအလှ အမျိုးမျိုးအဖုံဖုံဖြင့် တစ်နှစ်ထက် တစ်နှစ် တီထွင်ဆန်းသစ် ပြသလျက်ရှိသည်။ **(သတင်းစဉ်)**

ပြည်သူများအပန်းဖြေ

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ ခေတ်မီကလေးကစားကွင်းတွင် ပြည်သူများ လာရောက်အပန်းဖြေနေကြသည်ကို တွေ့ရစဉ်။ (သစ်တော)

သစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေး

ရန်ကုန် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ဒီဇင်ဘာ၂၇ ရက် (စနေနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေး လုပ်ငန်းဗဟို ဌာန အဆောက်အအုံ (I.B.C)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်း

ရန်ကုန် ဒီဇင်ဘာ ၁၁

ဒီဇင်ဘာ ၁၁ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကိုဖော်ပြရပါလျှင် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့်သာယာခဲ့သည်။

ညအပူချိန်များမှာ မွန်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ တနင်္သာရီတိုင်းတွင်ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင်ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၃ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

တိမ်အသင့်အတင့်

ဒီဇင်ဘာ၁၂ရက် **(ယနေ့)**ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုကို ခန့်မှန်းရပါက ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် အများအားဖြင့်သာယာပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

ဒီဇင်ဘာ၁၂ရက်**(ယနေ့)**နေပြည်တော်၊ မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့ အနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်သည်။

သာယာ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

● *ကျောဖုံးမှ*

ရှေ့လူကြီးတို့၏အဆို

ထူးဆန်းသော ရိဒ်ရေကန်၏သမိုင်းသည် ရှေးလူကြီးများ၏ အဆိုအရ အေဒီ၁၅၀၀ခန့်တွင် စတင်တွေ့ရှိရသည်ဟု ခန့်မှန်းထားသည်။ ရှေးအခါက နွားနောက်ဖြူတစ်ကောင်သည် ကောင်းကင်ယံမှ ပျံသန်းလာ၍ ဖလမ်းမြို့နယ် အိုကြုံးရွာရှိ ကြက်ရောအရပ်တွင်ဆင်းလာကာ အတန်ကြာ နေထိုင်ခဲ့ပြီး နွားနောက်ကလေးတစ်ကောင်ကို မွေးခဲ့လေသည်။

ထိုနေရာတွင် အနေမပျော်နိုင်သောကြောင့် နွားနောက်ကလေးကိုထားခဲ့၍ နွားနောက်ဖြူကြီးသည် ခေါထီရ်အရပ်သို့ ပြောင်းရွှေ့လာရာ ၄င်းနေရာတွင် ရေကန်ငယ် ဖြစ်ပေါ်တည်ရှိနေဆဲဖြစ်ကြောင်း၊ ခေါထီရ်တွင်လည်း ရေကန်ငယ်တစ်ခုဖြစ်ပေါ်ကြောင်း၊ တစ်ဖန် ထိုနွားဖြူကြီးသည် ယခု ရိဒ်ရေကန်ရှိရာ အရပ်သို့ ထပ်မံပြောင်းရွှေ့လာပြန်သဖြင့် ရိဒ်ရေကန်တည်မြဲတည်ဆဲဖြစ်ပေါ်နေကြောင်းဖြင့် စကားအလာရှိခဲ့သည်။

ရေအတိမ်အနက်

ရိဒ်ရေကန် ဖြစ်ပေါ်လာသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သော်လည်း ရေအတိမ်အနက် အကျယ်အဝန်း ပြောင်းလဲခြင်းမရှိဘဲ ပကတိအတိုင်း တည်ရှိနေခြင်း၊ မတ်စောက်မြင့်မားသော တောင်ကုန်းပေါ်ရှိ ရေကန်ထဲတွင် ငါးမျိုးပေါင်းများစွာ ကျက်စားနေထိုင်ခြင်း၊ ကမ်းစပ်များ၌ ချင်းဘာသာစကားအရ မီးထီးပါရ်(ခေါ်) မိုးမခပင်တစ်မျိုး ဝန်းရံပေါက်ရောက်ခြင်း၊ မိုးတွင်းကာလတွင် မိုးရေများကြောင့် ကန်ထဲဝင်လာသည့် တောင်ကျ ချောင်းမြောင်း ရေနောက်များကို ကန်လယ်သို့မရောက်ဘဲ စည်းသားထားသကဲ့သို့ ဘေးပတ်ပတ်လည်၌သာ နောက်ကျိဖြစ်ပေါ်နေခြင်း၊ နှစ်စဉ်ဆောင်းတွင်းကာလ ဒီဇင်ဘာလကုန်မှ ဇန်နဝါရီလဆန်းအထိ ကန်ရေတစ်ပြင်လုံး နောက်ကျိနေခြင်း၊ ရေကန်ပတ်ဝန်းကျင်ရှိ လှပသော လေကားထစ် နေရာရှုခင်းနှင့် ဝန်းရံလျက်ရှိသော စိမ်းလန်းစိုပြည်သည့် တောင်ကုန်း သဘာဝသစ်တောများကြောင့် စိတ်ကြည်နူးရွှင်လန်းစေခြင်း၊ ကန်အတွင်း သွားလာနိုင်သည့် ရေချိုးဆိပ်လျှောက်လမ်း တစ်နေရာတည်းသာရှိနေခြင်း၊ ကန်၏ တောင်ဘက်ကုန်းပေါ်နှင့် မြောက်ဘက်ရှိ ရိခေါဒါရ်မြို့ဘက်တို့မှကြည့်လျှင် ရိဒ်ရေကန်ကို အသည်းနှလုံးပုံသဏ္ဌာန်သဖွယ်မြင်နေရပြီး ကန်ရေကြည်များကြောင့် စိတ်တည်ငြိမ်အေးချမ်းစေခြင်း စသည်တို့သည် ကန်၏ထူးခြားချက် လက္ခဏာများအဖြစ် ပေါ်လွင်ထင်ရှားလျက် ချင်းပြည်နယ်၏ သဘာဝအလှကို တန်ဆာဆင်မြန်းထားသော ရိဒ်ကန်သာယာဟုဆိုပါလျှင် မှန်ပေလိမ့်မည်။

စည်ကား

ချင်းပြည်နယ် ရိဒ်ကန်သာယာကို အလည်တစ်ခေါက် လာရောက်ကြမည်ဆိုပါက ဒီဇင်ဘာနှင့် ဇန်နဝါရီလများ၌ ပြည်နယ်နှင့်တိုင်းအသီးသီးမှ တိုင်းရင်းသား ညီရင်းအစ်ကိုမောင်နှမအားလုံး ဆုံစည်းကြ၍ စည်ကားလျက်ရှိသော ရိဒ်ကန်သာယာတစ်ဝိုက်၌ အနားယူအပန်းဖြေ လာလှည့်ကြပါဟု ဖိတ်ခေါ် ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

● ရှေ့ဖုံးမှ

တွေ့လို၊ ဖြတ်သန်းလိုသော ကစ္ဆပနဒီတံတားကြီးကို တောင်ကမူထိပ်တွင် အဝေးကပင် မြင်နေရသဖြင့် ကျေနပ်နေသည်။ ကစ္ဆပနဒီတံတားကြီးသည် ရန်ကုန်-စစ်တွေ ကားလမ်းအပိုင်းတွင်မရှိမဖြစ် အရေးပါသည့် တန်ဖိုးကြီး တံတားတစ်ခုပင်ဖြစ်သည်။

ဖောက်လုပ်

ယခင်က ရန်ကုန်မှကျောက်တော်သို့သွားလျှင် ကျောက်တော်တစ်ဖက်ကမ်းမှ လှေ၊ သင်္ဘော စသည်များနှင့် လူနှင့် ပစ္စည်း ပို့ဆောင်ရသည်။ မိုးတွင်း၌ လွန်စွာ အခက်အခဲနှင့် ရင်ဆိုင်ခဲ့ရသည်။ တပ်မတော်အစိုးရတာဝန်ယူခဲ့ရပြီးနောက် ရန်ကုန်-စစ်တွေ မော်တော်ကားလမ်းမကြီးကို အခက်အခဲများစွာကြားမှ မဖြစ် ဖြစ်အောင် ဖောက်လုပ်ကာ ပြည်နယ်-ပြည်မဆက်သွယ်ပေးခဲ့သဖြင့် ဒေသခံများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာခဲ့ပေသည်။

ကစ္ဆပနဒီ တံတားကြီးပေါ်မှ ဖြတ်သန်းသွားလာရင်း ကြမ်းတမ်းလှသည့် သဘာဝရာသီဥတုအောက်တွင် ကစ္ဆပနဒီ တံတားကြီး ထာဝရတည်တံ့စေရန် ဆုတောင်းခဲ့မိသည်။

ဇီးချောင်းတမံ

ဇီးချောင်း ရေလှောင်တမံ ရှင်းလင်းဆောင်တွင် ဒုတိယညွှန်ကြားရေးမှူးဦးတင်မောင်အေးက ဇီးချောင်းရေလှောင်တမံ တည်ဆောက်ရေးမှ ဦးစီးအရာရှိ (မြို့ပြ)များ ဖြစ်ကြသည့် ဦးစဝ်ခွန်ဦး၊ ဦးအောင်ကြည်စိုး၊ ဦးစိန်ဝင်းအောင်တို့နှင့် ဦးစီးအရာရှိများကို မိတ်ဆက်ပေးသည်။

ဦးစဝ်ခွန်ဦးက ဇီးချောင်းရေလှောင်တမံ ရှင်းလင်းဆောင်အနီးရှိ စုရပ်သို့ ခေါ်ဆောင်သွားကာ မြန်မာ့အလင်းသတင်းအဖွဲ့ကို မကြာမီ ပြီးစီးတော့မည့် ဇီးချောင်း ရေလှောင်တမံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြသသည်။

ဝန်းရံထား

ညနေဆည်းဆာ နေရောင်အောက်တွင် ဇီးချောင်းရေလှောင်တမံသည် လယ်မြေဧက၁၀၀၀ ရေပေးဝေနိုင်ရန် ရေအပြည့် ဧက ၇၅၃၀ သိုလှောင်ထားသဖြင့် ရေပေါ်လှိုင်းခွပ်ကလေးများသည် နေရောင်ကြောင့် တစ်ခါတစ်ရံ တောက်ပလာသည်။ ပတ်ဝန်းကျင် တစ်ခုလုံးမှာ စိမ်းစိုနေသော သစ်တောများနှင့် မြင့်မားသည့် တောင်ကုန်းများက ဝန်းရံထားသဖြင့် လှပသော မြင်ကွင်းပသာဒ ဖြစ်ပေသည်။

ဇီးချောင်း ရေလှောင်တမံဟာ မြေသားတမံအမျိုးအစားဖြစ်ပါတယ်။ တမံအမြင့် ၁၁၅ပေ၊ တမံအလျားပေ ၈၄၀ ရှိပါတယ်။ ရေဆင်းဧရိယာက ၃ မိုင်ဖြစ်ပြီး နှစ်စဉ်မိုးရေချိန် လက်မ ၁၉၀ခန့် ရှိတဲ့အတွက် နှစ်စဉ် စီးဝင်

"ရေလှောင်တမံက လယ်မြေဧက၁၀၀၀အတွက်သီးထပ်နွေစပါး စိုက်ပျိုးနိုင်အောင် ရေပေးဝေနိုင်မှာပါ"

ဦးစဝ်ခွန်ဦး
ဦးစီးအရာရှိ(မြို့ပြ)
တည်ဆောက်ရေး(၃)

ရေဟာ ဧကပေ၁၃၂၀၀ ဖြစ်ပါတယ်။ ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၅၈၀ဖြစ်ပြီး ကန်ရေပြည့် ရေပြင်ကျယ်ကတော့ ဧရိယာ၁၁၅၄ဧကဖြစ်ပါတယ်။ ရေလှောင်တမံပြီးစီးရင် လယ်မြေဧက ၁၀၀၀ကို သီးထပ်နွေစပါး စိုက်ပျိုးနိုင်အောင် ရေပေးဝေမှာဖြစ်တဲ့ အပြင် နှစ်မိုင်မျှဝေးတဲ့ မဟာမုနိဘုရားကိုလဲ ၄၀ ကီလိုဝပ် တာဘိုင်နှစ်လုံးနဲ့ လျှပ်စစ်မီးပေးလူမှာ ဖြစ်ပါတယ်"ဟု ဦးစီးအရာရှိ ဦးစဝ်ခွန်ဦးက သတင်းအဖွဲ့အား ရှင်းလင်းပြောကြားသည်။

လျှပ်စစ်မီး

မြန်မာ့အလင်း သတင်းအဖွဲ့ရောက်ချိန်တွင် ဇီးချောင်းရေလှောင်တမံသည် တည်ဆောက်ရေးကာလအတွင်း ၅ကီလိုဝပ် တာဘိုင်စက်ဖြင့် လုပ်ငန်းခွင်အတွင်း လျှပ်စစ်မီးများ ထုတ်လုပ်ပေးနေသည်။

ဇီးချောင်း ရေလှောင်တမံ၏ ရေထုတ်ပြွန် အမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ပြီး ရေထုတ်ပြွန် အရွယ်အစားမှာ အကျယ် ၄ပေ×အမြင့် ၆ပေ တစ်ပေါက်ဖြစ်၍ ရေထုတ်ပြွန်အလျားမှာ ၅၇၇ပေ၊ ရေထုတ်ပြွန်ဒီဇိုင်းရေထုစီးနှုန်းကုဗပေ ၁၀၀စက္ကန့်ဖြစ်သည်။

ရေပိုလွှဲ

ရေပိုလွှဲ အမျိုးအစားမှာ သံကူကွန်ကရစ် (Board Crested Type) ဖြစ်ပြီး ရေပိုလွှဲ အကျယ်ပေ ၃၀၊ ရေပိုလွှဲ ဒီဇိုင်းရေထုစီးနှုန်း ကုဗပေ ၁၇၀၀ စက္ကန့်ဖြစ်ကာ တူးမြောင်းမကြီး အလျား သုံးမိုင်၊ လက်တံမြောင်းများအလျား ငါးမိုင်နှင့် တူးမြောင်းအဆောက်အအုံ ၈၀ ရှိကြောင်း သိရသည်။

အပိုဝင်ငွေ

ဇီးချောင်းရေလှောင်တမံ စီမံကိန်းတွင် ဝန်ထမ်း ၂၀၀နှင့် လုပ်သားများက တမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေထုတ်ပြွန် တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆည်ရေသောက် စနစ်တည်ဆောက်ခြင်းလုပ်ငန်းများဟန်ချက်ညီညီ ဆောင်ရွက်နေသည်ကို တွေ့ခဲ့ရသည်။ မြန်မာ့အလင်းသတင်းအဖွဲ့ရောက်ချိန်တွင် စီမံကိန်းလုပ်ငန်းများအားလုံး ၉၀ရာခိုင်နှုန်းထက် မနည်းပြီးစီးနေပြီဖြစ်၍ မကြာတော့သည့်ကာလ (ရက်ပိုင်းအတွင်း) နွေစပါးစိုက်ပျိုးရန် ဆည်ရေပေးသည့် လက်တံနှင့်နီးသည့် လယ်မြေများ ရေရတော့မည်ဖြစ်ရာ ဒေသခံလယ်သမားများ အပိုဝင်ငွေ ရပေတော့မည်။

ဇီးချောင်း ရေလှောင်တမံသည် တမံအလျားရှိသည့် နေရာတွင်သာ ညီညာပြန့်ပြူးကာ ဆည်ရေစီးဝင်သည့် နေရာများတွင် တောတောင်များ၊ လျှိုမြောင်များဖြစ်သဖြင့် ဆင်၊ ကျား၊ သမင်၊ ဂျီ၊ ဆတ် အစရှိသည့် တိရစ္ဆာန်များ နေထိုင်ကျက်စားရာဖြစ်ရာ ယင်းတိရစ္ဆာန်များအတွက် သောက်ရေ အဆင်ပြေနေသည့်အပြင် ရေလှောင်ကန်အတွင်း ငါးမွေးမြူပါကလည်း သဘာဝအလှတရားများ ပြည့်စုံကာ အဆင်ပြေမည်ဖြစ်သည်။

"ကျွန်မတို့မြို့နယ်မှာ ကျေးရွာစာကြည့်တိုက်ပေါင်း၂၅၀ခန့်ထူထောင်ဖွင့်လှစ်ပြီးပါပြီ။ ကိုယ်ပိုင် ဖွင့်လှစ်နိုင်တဲ့ စာကြည့်တိုက်က ၅၀ရှိပြီး ကျန်စာကြည့်တိုက်များကတော့ ကျောင်းများ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများနဲ့ တွဲဖွင့်ထားပါတယ်၊ ကြေးမုံနဲ့ မြန်မာ့အလင်းသတင်းစာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက စီစဉ်ပေးလို့ ကျေးရွာအုပ်စုတိုင်း တစ်စောင်စီယူကြပါတယ်၊ သတင်းစာစောင်ရေ တိုးဖို့နဲ့ စာကြည့်တိုက် ရေရှည်တည်တံ့အောင် ကြိုးစားနေပါတယ်"ဟု မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်အောင်မြသန်းက မော်တော်ကားအဖွဲ့အား ပြောပြသည်။

တည်းခိုခန်းသို့ မြန်မာ့အလင်း သတင်းအဖွဲ့ရောက်သည်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အစီရင်ခံစာ စာအုပ်နှင့် စာတစ်စောင်က ဆီးကြိုနေပါသည်။

စပါးခွဲမီးစက်

မနားနိုင်ပါ။ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ စာအုပ်ကိုကြည့်၍ ရေးသားသင့်သည့် အချက်များ ထုတ်နုတ်ရသည်။ လျှပ်စစ်မီး လာသဖြင့် မြန်မာ့အလင်း သတင်းအဖွဲ့သည် ကျောက်တော်မြို့ ဒီဇယ်နှင့် တွဲဖက် သုံးသည့် စပါးခွဲမီးစက်သို့ သွားရောက်လေ့လာ ဓာတ်ပုံရိုက်ကူးပြီး တည်းခိုရိပ်သာသို့ ပြန်ခဲ့ကြသည်။

ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည်တပ်မတော်အစိုးရတာဝန်ယူပြီးနောက် မြို့ပြလမ်းများတွင် ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ မြေသားလမ်း ၂၁မိုင် ၇ဒသမ ၅၂ဖာလုံကို ယခုအခါ အောင်မြင်စွာ ဆောင်ရွက်ပြီး ဖြစ်ပေသည်။ ကျေးလက်လမ်း ၄မိုင် ၅ဖာလုံခန့်ကို ကျောက်ချောလမ်းနှင့် မြေသားလမ်း ခင်းနိုင်ခဲ့သည်။

ဆောက်လုပ်

မြို့ပြတွင် ကွန်ကရစ်တံတား လေးစင်း၊ သစ်သားတံတား နှစ်စင်းနှင့် ကျေးလက်တံတားများအဖြစ် ကွန်ကရစ် သုံးစင်း၊ သစ်သား ၁၁စင်း စုစုပေါင်းတံတားစင်း၂၀ ဆောက်လုပ်ပြီးစီးခဲ့သည်။

ကျောက်တော်မြို့နယ် ဇီးချောင်း ရေလှောင်တမံစီမံကိန်းတွင် စက်ယန္တရားကြီးများဖြင့် မြေကြီးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)



ဇီးချောင်းရေလှောင်တမံ၏ ရေထိန်းမျှော်စင် တည်ဆောက်ပြီးစီးမှု မြင်ကွင်း။ (မြန်မာ့အလင်း)

မြေသားရေကန်

ကျောက်တော်မြို့ပေါ် ၅ရပ်ကွက်မှ အိမ်ခြေ ၃၂၃၇အိမ်မှ လူဦးရေ ၂၆၀၀၀ခန့် သောက်သုံးရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြေသားရေကန် ၂၈ကန်ကို အချို့ အသစ်ပြုလုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများ ပြုလုပ်ကာ မြို့တွင်းသို့ ရေတိုင် ၂၅၈ တိုင်ဖြင့်ရေပေးဝေလျက်ရှိရာ စည်ပင်သာယာရေးအဖွဲ့မှ ရေလွှမ်းခြုံမှုများမှာ ၆၆ရာခိုင်နှုန်း ဖြစ်ပေသည်။

ကျေးလက်သောက်ရေကန်

အလားတူ ကျေးလက် သောက်ရေကန် ၂၀တူးဖော်ကာ ငွေကျပ် ၁၀၂ သိန်းကျော် အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။ မြို့ပြလမ်းအတွက် ငွေကျပ် ၅၂၅သိန်းကျော်၊ ကျေးလက်လမ်းအတွက် ငွေကျပ် ၃၆၅သိန်းကျော်၊ မြို့ပြတံတားအတွက် ငွေကျပ်၇၈သိန်းကျော်၊ ကျေးလက် တံတားအတွက် ငွေကျပ်၁၆၇သိန်းကျော်နှင့်မြို့ပြရေပေးဝေရေးအတွက် ရေကန် အဆင့်မြှင့်ခြင်းကို ငွေကျပ်၃၂သိန်းကျော်အကုန်အကျခံကာ ဆောင်ရွက်နိုင်ခဲ့သည်။

မြို့သာယာ လှပရေးအတွက် ကတ်တုံး ၆၂၇၁ပေ၊ Flower box ၂၅၃ပေ၊ ပလက်ဖောင်း ၇၇၈ပေနှင့် မြေယာရှုခင်းအလှ စတုရန်းပေ ၇၂၀၀ဖြစ်ကာ မြို့နယ်အမှုဆောင်အရာရှိမှာ ဦးသာအေးဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့ရောက်ရှိချိန်ကာလတိုအတွင်း လေ့လာရာ ကျောက်တော်မြို့သည် ကစ္ဆပနဒီ တံတားကြီး၏ ကျေးဇူးကြောင့် ဒေသခံများ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည်တို့ တိုးတက်လာသည်မှာ မည်သူမျှ မငြင်းနိုင်သော အမှန်တရားပင်ဖြစ်သည်။

ပြိုင်းချောင်းတမံ

ယခုအခါပြိုင်းချောင်းရေလှောင်တမံမှ နွေစပါး လယ်မြေဧက၅၀၀၀ အတွက် ရေပေးဝေနေပြီး ဇီးချောင်းရေလှောင်တမံကလည်း လယ်မြေဧက ၁၀၀၀ ရေပေးဝေနိုင်တော့မည်ဖြစ်ရာ ကျောက်တော်မြို့၏အလှတွင် ပန်းတင့်နေပါတော့သည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်-၂၉ ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၁၁

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်-၂၉ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ အဆိုပါမဂ္ဂဇင်းတွင် မင်းယုဝေ၊ ဒေါင်းနွယ်စိုး၊ သူရဇော်၊ နောင်၊ သိပ္ပံ စိုးမြင့်နိုင်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ မြတ်လွမ်းနောင်(ပုတီးကုန်း)၊ ခင်ညွန့် (သရက်)တို့၏ကဗျာများ၊ စောမုံညင်း၊ ကေတုနီလာ၊ မောင်သာအေး၊ စိုးထက်ကျော်၊ ညွန့်ဟံ(ကြူတော)၊ တက္ကသိုလ်မြတ်သူ၊ ကျော်ဇင်(စာနယ်ဇင်း)၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာလှမောင်(စီးပွားရေး)၊ မောင်ပညာကျော်၊ အောင်စိုး(တိရစ္ဆာန် ဆေးကုဆရာဝန်)၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ ကြည်ကြည်စိန်၊ ကြည်လင်း(ဆေး)၊ ကိုဇော်ဝင်း(လှတော)၊ သန်းထွန်း(စကု)တို့၏ သုတဆောင်းပါးကဏ္ဍ၊ စန်းနီလာဝင်း၏ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုတိုကဏ္ဍ၊ လေးဝတီကျော်၏ နိုင်ငံတကာသုတရေးရာကဏ္ဍ၊ မင်းသစ်ဦး၊ မောင်စိုးနွေ(သုံးဆယ်)၊ မောင်မြင့်မား(ဘိုကလေး)၊ရွက်နု၊နေမျိုးသန့်၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊အောင်ရန်နိုင်(B.Sc)၊သျှတတ(ပြည်)၊ မောင်ယော၊ထားမြတ်မာ(မြန်မာစာ)တို့၏ ရသဝတ္ထုတိုကဏ္ဍ၊ မောင်တိုးအောင်၏ မြန်မာ့ဂန္ထဝင်ဝတ္ထုတိုကဏ္ဍ၊ဦးအေးကို(ယမုံနာ)၏ဗုဒ္ဓဝင်ကြေးမုံဝတ္ထုတိုကဏ္ဍ၊ မောင်မောင်စန်း(ရန်ကုန်တက္ကသိုလ်)၊ ဦးခင်မောင်မြ(BA.BL)၊ တက္ကသိုလ်လှကြွယ်တို့၏ အင်္ဂလိပ်ဆောင်းပါးကဏ္ဍ၊ မောင်မီဒီယာ၊မင်းဟန်လှဦး(မင်းဘူး)တို့၏ဟာသကဏ္ဍ၊ ငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ သစ်ထွဏ်း၊ မောင်မောင်ညှက်၊ ကျော်ကျော်လွင်တို့၏ ကာတွန်းကဏ္ဍတို့စုံလင်စွာဖော်ပြပါရှိသည်။ စာမူများ၊ ကြော်ငြာများ ထည့်သွင်းလိုပါက စာတည်းမှူးချုပ် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း၊ အမှတ် ၄၅၅/၄၅၇ တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။ **(သတင်းစဉ်)**

မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူး၍ မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ (11th MGC Junior Golf Open Championships 2008)ကို ဒီဇင်ဘာ ၂၉ရက်နှင့်၃၀ရက်တို့တွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်သီးရိုက်အသင်း (၉)မိုင်ပြည်လမ်း၌ စည်ကားသိုက် မြိုက်စွာကျင်းပမည်ဖြစ်ရာ 11th MGC Junior Golf Open Championships 2008 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသက်(၁၀-၁၂)နှစ်အတန်း၊ အသက်(၁၃-၁၅) နှစ်အတန်း၊ အသက်(၁၆-၂၀)နှစ်အတန်းများနှင့်အမျိုးသမီးပြိုင်ပွဲများ၌ အသက်(၁၀-၁၈)နှစ်အတန်းဟူ၍ လေးတန်းခွဲခြားပြီးကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတွင် ဆုများကိုအတန်းလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ပံ့ပိုးကူညီ

ယင်းပြိုင်ပွဲ၏ဆုများကို မြန်မာဂေါက်သီးရိုက်အသင်းနှင့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် တစ်ဦးချင်း အလှူရှင်များက ကူညီပံ့ပိုးကြမည်ဖြစ်သည်။

ဆက်သွယ်

အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက် အားကစားမောင်မယ်များသည် ဒီဇင်ဘာ၂၇ရက် မွန်းလွဲ၂နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက်အသင်း ၉မိုင် ပြည်လမ်းသို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး လူဦးရေအကန့်အသတ်ရှိမည်ဖြစ်သဖြင့် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိရှိလိုသူများသည် မြန်မာဂေါက်သီးရိုက်အသင်း ဖုန်း-၆၆၁၇၀၂နှင့် ၆၆၅၃၁ တို့သို့ ဆက်သွယ်နိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်တံတားမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးဖွင့်လှစ်သော သဘာဝဘေးကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းဆင်းပွဲ အခမ်းအနားကို ကျောက်တံတား အထက၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့်က သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။ (မြန်မာ့အလင်း)

သန့်စင်သော သန့်စင်ခန်းလေးများ

သန့်စင်ခန်းနှင့်ပတ်သက်၍ တင်ပြရေးသားရန် ဆန္ဒဖြစ်ပေါ်ခဲ့သည်မှာ ကာလအတော်ကြာခဲ့ပြီ ဖြစ်ပါသည်။ သို့သော် မရေးဖြစ်ခဲ့သေး၊ သန့်စင်ခန်းကို မြန်မာတို့၏အသုံးတွင် အိမ်တစ်ခုလုံးကို သာယာမှုရှိစေမည့် နေရာဌာနအဖြစ် သတ်မှတ်၍ အိမ်သာ(အိမ်သာ)ဟု သုံးစွဲခေါ်ဝေါ်ခဲ့ကြပါသည်။ သုံးစွဲခေါ်ဆိုမှု အနက်အဓိပ္ပာယ်နှင့်အညီ အိမ်တစ်အိမ်လုံး (အိမ်ရှိမိသားစုများအားလုံး) သာယာမှုရှိစေနိုင်သည်သာမက အာရောဂျ ပရမံလာဘ်ဆိုသည့် ကျန်းမာခြင်းလာဘ်ကြီးတစ်ပါးကိုရရှိရန် အထောက်အပံ့ပြုနိုင်သည့် နေရာဌာနတစ်ခုပင် ဖြစ်ပါသည်။

၂၀၀၈ခုနှစ် နိုဝင်ဘာလ ၈ရက် စနေနေ့ထုတ် ကြေးမုံသတင်းစာပါ ကလောင်ရှင် ချစ်ဆွေမြင့်ရေးသားသည့်“ခရီးသွားကျန်းမာရေးဆိုင်ရာအားသာသူများဖြစ်လိုပါလျှင်”ဆောင်းပါးကို ဖတ်ရှုရသောအခါ ကျွန်တော့် မျှော်လင့်ဆန္ဒကို ဖြည့်ဆည်းသကဲ့သို့ ခံစားလိုက်ရပါသည်။ စာရေးသူ ချစ်ဆွေမြင့်သည် Tourism လောကသားတစ်ဦးဖြစ်သောကြောင့် Tourism အတွေ့အမြင်ဖြင့် ခရီးသွားလုပ်ငန်းလောက၏ ပတ်ဝန်းကျင်ကို နိုင်ငံတော်အဆင့်၊ အာဆီယံအသိုင်းအဝိုင်းများကိုနောက်ခံပြုကာ သန့်စင်ခန်းနှင့် သက်ဆိုင်သည့် စံချိန်စံညွှန်း (Criteria)များကို အဓိကထား ရေးသားတင်ပြခဲ့သဖြင့် အတော်ပင်ထည်ဝါခိုင်ခံ့သော ဆောင်းပါးတစ်ပုဒ်ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံအတွင်း၌သာမက နိုင်ငံတကာအဆင့်တွင်ပင် အဝင်ဆံ့နိုင်စေရန် စေတနာ အရင်းပြု၍ တင်ပြထားသည့်ဆောင်းပါး ဖြစ်ပါသည်။ ဆောင်းပါးတွင် သန့်စင်ခန်းဆိုင်ရာ လိုအပ်ချက် စံချိန်စံညွှန်း(Criteria)များကို အများပြည်သူ ထင်သာမြင်သာရှိစေရန် ရေးသားဖော်ပြထားပါသည်။ အမှန်မှာ သန့်စင်ခန်းကိစ္စသည် Tourism လောက၌သာမက လောကလူသားအားလုံးအတွက် အရေးပါသော ကိစ္စတစ်ရပ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် သန့်ရှင်းစင်ကြယ်သော သန့်စင်ခန်းကို အသုံးပြုအောင် ဆောင်ရွက်ရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်သင့်သော ကိစ္စတစ်ရပ်ပင် ဖြစ်ပါလိမ့်မည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနမှ ရေသန့်၊ အစာသန့်၊ လက်သန့်၊ အိမ်သာသန့်ဆိုသည့် သန့်လေးသန့် စီမံချက်ချ၍ နှိုးဆော်ဆောင်ရွက်ခြင်း၊ ယင်လုံအိမ်သာတည်ဆောက်သုံးစွဲရန် နှိုးဆော်ဆောင်ရွက်ခြင်း၊ အိမ်သာတက်ပြီးလျှင် လက်ကိုစင်ကြယ်စွာ ဆေးကြောရန် နှိုးဆော်ဆောင်ရွက်ခြင်း စသည့် လှုပ်ရှားမှုများသည် သန့်စင်ခန်း(အိမ်သာ)ကို သန့်ရှင်းစင်ကြယ်စွာ အသုံးပြုလာစေရန် ရည်ရွယ်ဦးတည်မှုပြုသည့် ကျန်းမာရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများပင် ဖြစ်ပါသည်။

လုပ်ငန်းတာဝန်ဖြင့် မကြာခဏ ခရီးသွားလာရသော ကျွန်တော်သည် ခရီးလမ်းကြောင်းတစ်လျှောက်ရှိ ဆိုင်များမှအမျိုးမျိုးသော သန့်စင်ခန်းများကို ထိတွေ့သုံးစွဲခဲ့ဖူးပါသည်။ ခရီးသွားတစ်ယောက်အနေဖြင့် ဆိုင်ရှေ့သို့ ကားရပ်လျှင် ခရီးသည်များသည် သန့်စင်ခန်းသို့ဦးစားပေးကာ အရင်ဆုံးသွားရောက်လေ့ရှိကြပါသည်။ ကျွန်တော်သည် ဆိုင်ရှိသန့်စင်ခန်းသို့ ဝင်ရောက်မိသည်နှင့် သန့်စင်ခန်း၏ တည်ဆောက်ပြင်ဆင်ထားရှိမှု၊ သန့်ရှင်းမှုတို့အပေါ် အခြေခံ၍ ထိုဆိုင်၏သန့်ရှင်းမှုအပေါ် ယုံကြည်စိတ်နှင့် ဆိုင်၏အဆင့်အတန်းကို အလိုလိုသတ်မှတ်မိပါသည်။ သန့်စင်ခန်းများ သန့်ရှင်းနေပါက ဆိုင်၏သန့်ရှင်းမှုအပေါ် ယုံကြည်မှုရှိပြီး ကျန်းမာရေးဆိုင်ရာ သံသယစိတ်များကို လျော့နည်းပျောက်ကွယ်စေကာ ယင်းဆိုင်မှစားသောက်ဖွယ်ရာများအား ယုံကြည်စိတ်ချစွာ စားသောက်မိပါသည်။ ကျွန်တော့်လိုပင် ကျန်ခရီးသည်များလည်း ခံစားရမည်ဟု ယုံကြည်မိပါသည်။ ဤအချက်ကို ကိုယ်ချင်းစာ၊ခံစားမိသည့်ဆိုင်ရှင်များသည် မိမိဆိုင်ရှိ ဧည့်သည်သုံးသန့်စင်ခန်းများကို အပြိုင်အဆိုင်ကောင်းမွန်အောင် ဆောင်ရွက်လာကြသည်ကို ၁၉၉၆ခုနှစ်မှစတင်၍ တွေ့ရှိလာရပါသည်။

ဟန်(ဟိုတယ်ခရီး)

သန့်စင်ခန်းများနှင့်ပတ်သက်၍ အခြားတွေ့ကြုံရသည့် အများပြည်သူ သွားလာလေ့ရှိသော ဈေးများ၊ ဘူတာရုံများနှင့် မြို့တွင်းရှိ အများသုံးသန့်စင်ခန်းများပင် ဖြစ်ပါသည်။ အများစုမှာ အခကြေးငွေပေး၍ အသုံးပြုရသည့် သန့်စင်ခန်းများဖြစ်သော်လည်း အခကြေးငွေပေးရသည်နှင့်အညီ ကောင်းမွန်သော သန့်ရှင်း၊ သပ်ရပ်၊ ပြည့်စုံသည့် ဝန်ဆောင်မှုမျိုး မရှိကြသည်ကို တွေ့ကြုံရပါသည်။ သန့်စင်ခန်းတစ်ခုသည် သန့်စင်ခန်းဆိုင်ရာ အခြေခံပစ္စည်းများ ဖြစ်သည့် ရေ၊ ရေအိမ်သုံးစက္ကူ၊ ရေပိုက်(သို့မဟုတ်)ရေခွက်၊ လိုအပ်သော အလင်းရောင်ရရှိရေးတို့မှာ မရှိမဖြစ်လိုအပ်ပြီး ဆပ်ပြာရည်(သို့မဟုတ်) ဆပ်ပြာ၊ လက်သုတ်ပဝါ(သို့မဟုတ်) လက်သုတ်ရန်စက္ကူ၊ လက်ဆေးကြွေခွက်၊ မှန် စသည်တို့မှာ ဖြည့်ဆည်းထားသင့်သော ပစ္စည်းများဖြစ်ပါသည်။ သို့ဖြစ်၍ အခကြေးငွေရယူသော သန့်စင်ခန်းတစ်ခုသည် အခြေခံပစ္စည်းများ ပြည့်စုံစေရန်နှင့် ဖြည့်ဆည်းထားရမည့် ပစ္စည်းများကို ပြည့်စုံအောင် ထားရှိရန်လိုအပ်ပါသည်။ အခကြေးငွေဖြင့် အသုံးပြုရသည့် သန့်စင်ခန်းများသည် သန့်ရှင်းသပ်ရပ်၍ ဝန်ဆောင်မှုပြည့်စုံရမည့်အပြင် လုံခြုံစိတ်ချရမှုရှိရန်လည်း လိုအပ်ပါသည်။

ဤတွင် တစ်ခုသတိပြုမိသည်မှာ သန့်စင်ခန်းကို ပြည့်စုံကောင်းမွန်စွာ တည်ဆောက်သူနှင့် ယင်းသန့်စင်ခန်းကို သုံးစွဲသူဟူ၍ နှစ်ပိုင်းတွေ့ရှိရပါသည်။ ကောင်းမွန်စွာတည်ဆောက်ထားသည့် သန့်စင်ခန်းကို သုံးစွဲသူများအနေဖြင့်လည်း မိမိ၏ကိုယ်၊ စိတ်စောင့်စည်းမှုဖြင့် သန့်ရှင်းသပ်ရပ်အောင် ထိန်းသိမ်းသုံးစွဲရန်လိုအပ်ပါသည်။ မိမိကိုယ်တိုင် သန့်ရှင်းမှုကို ကြိုက်နှစ်သက်သလို မိမိ၏နောက်တွင် သုံးစွဲမည့်သူများလည်း သန့်ရှင်းစွာသုံးစွဲနိုင်အောင် အတတ်နိုင်ဆုံး သုံးစွဲမည်ဟူသော ကိုယ်ချင်းစာစိတ်စေတနာတို့ဖြင့် သုံးစွဲခြင်းသည် သန့်စင်ခန်းတစ်ခု အစဉ်အဆက် သန့်ရှင်းစင်ကြယ်ခြင်း၏ အခြေခံအချက်ဟု ကျွန်တော်ယူဆမိပါသည်။

အလျဉ်းသင့်သဖြင့် ကျွန်တော်တို့၏ပတ်ဝန်းကျင်နိုင်ငံတစ်ခုမှ ဆောင်ရွက်မှုကို တင်ပြလိုပါသည်။ ထိုနိုင်ငံတွင် မြို့တွင်း၊ မြို့ပြင်သန့်ရှင်းပြီး အမှိုက်ပုံးများ စနစ်တကျ ထားရှိပေးထားပါသည်။ အဝေးပြေးလမ်းတစ်လျှောက်ရှိ ဓာတ်ဆီဆိုင်များတွင် စတိုးဆိုင်၊ ကော်ဖီဆိုင်၊ သန့်စင်ခန်းများကို တွဲဖက်တည်ဆောက်ထားကြပါသည်။ အချို့မှာ ကားရေဆေးဆီလိုက်ဆောင်ရွက်ခြင်း၊ လေဖြည့်ခြင်း၊ ယာဉ်စစ်ဆေးခြင်းစသည့် ဝန်ဆောင်မှုများကိုပါ ဆောင်ရွက်ပေးပါသည်။ ကျွန်တော်သတိပြုမိသည်မှာ ထိုဓာတ်ဆီဆိုင်များရှိ သန့်စင်ခန်းတိုင်းသည် ယာဉ်စီးခရီးသည်များအတွက် ရည်ရွယ်၍ အနည်းဆုံး တစ်ချိန်တည်းတွင် လူ၁၀ဦးမှအထက်အသုံးပြုနိုင်ရန် သန့်ရှင်းစွာ စီစဉ်ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါသည်။ ထို့အတူ အဝေးပြေးလမ်းဘေးရှိ စားသောက်ဆိုင်များမှာ ဆိုင်တွင်း၊ ဆိုင်ပြင်၌ သန့်ရှင်းသော သန့်စင်ခန်းများ ထားရှိကြောင်း တွေ့ရှိရပါသည်။ ဆွေးနွေးပွဲတစ်ခုတွင် ထိုနိုင်ငံသားအရာရှိတစ်ဦးက မိမိတို့၏နိုင်ငံသည် သန့်စင်သောသန့်စင်ခန်းများအတွက် ဂုဏ်ယူစွာ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသို့လာရောက်သည့် ဧည့်သည်များအတွက် အသန့်ရှင်းဆုံးသော သန့်စင်ခန်းများထားရှိခြင်းကို မိမိတို့နိုင်ငံသားများအနေဖြင့် ဂုဏ်ယူလျက်ရှိပါကြောင်း ဝင့်ကြွားစွာ ထုတ်ဖော်ပြောကြားသွားပါသည်။

ကျွန်တော့်အနေဖြင့် “ခရီးသွားကျန်းမာရေးဆိုင်ရာ အားသာသူများဖြစ်လိုပါလျှင်”ဆောင်းပါးကိုဖတ်ရှု၍ ခံစားမိသည်မှာ သန့်ရှင်းသပ်ရပ်သော သန့်စင်ခန်းများသည် ကျွန်တော်တို့နိုင်ငံသို့ လာရောက်သည့် ဧည့်သည်များအတွက်သာမက ကျွန်တော်တို့တစ်မျိုးသားလုံးအတွက်ပါ အလေးထားဆောင်ရွက်ရမည့် ကိစ္စဖြစ်သည်ဟုယူဆမိပါသည်။ **တစ်မျိုးသားလုံး သန့်ရှင်းကောင်းမွန်သော သန့်စင်ခန်းများသုံးစွဲသည့် အလေ့အထများကို ကျန်းမာရေးအသိနှင့်ယှဉ်၍ ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် ကျွန်တော်တို့နိုင်ငံသားများ၏ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာအဆင့်အတန်း၊ အကျိုးအမြတ်များကို တိုးတက်ခံစားရရှိနိုင်ကြမည်ဖြစ်**ပါသည်။ ကျွန်တော်တို့အားလုံးသန့်ရှင်းကောင်းမွန်သည့်သန့်စင်ခန်းများကို သုံးစွဲခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အတွင်း၌သာမက အာဆီယံ အသိုက်အဝန်းအကြား ကမ္ဘာ့နိုင်ငံများအလယ်၌ပင် ရင်ပေါင်တန်းရပ်တည်သွားနိုင်မည်ဖြစ်ပါသည်။သန့်စင်ခန်း သန့်ရှင်းမှုကိုဂုဏ်ယူတတ်ခြင်းသည် ကျန်းမာကြံ့ခိုင်မှုကို အလေးထားတတ်သည့် နိုင်ငံကြီးသား ပီသခြင်း၏ ဂုဏ်အင်္ဂါတစ်ရပ်ပင် ဖြစ်ပါသည်။ ကျွန်တော်တို့ အားလုံးသန့်ရှင်း၊ ပြည့်စုံကောင်းမွန်သော သန့်စင်ခန်းများကို ဖန်တီးသုံးစွဲကြပါစို့။ ။

တစ်မျိုးသားလုံး သန့်ရှင်းကောင်းမွန်သော သန့်စင်ခန်းများသုံးစွဲသည့် အလေ့အထများကို ကျန်းမာရေးအသိနှင့်ယှဉ်၍ ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် နိုင်ငံသားများ၏ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အဆင့်အတန်း၊ အကျိုးအမြတ်များကို တိုးတက်ခံစားရရှိနိုင်ကြမည်။

CHINA ASEAN CBO ဘတ်စကက်ဘောပြိုင်ပွဲ မြန်မာအမျိုးသားဘတ်စကက်ဘောအသင်း ပါဝင်ဆင်နွှဲမည်

ရန်ကုန် ဒီဇင်ဘာ ၁၁

၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၆ရက်မှ ၂၂ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် ကျင်းပမည့် **CHINA ASEAN CBO** အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် မြန်မာအမျိုးသားဘတ်စကက်ဘော လက်ရွေးစင်အသင်း ပါဝင်ဆင်နွှဲမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဘတ်စကက်ဘောအသင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ မင်းမင်းထွန်း၊ စိုးထူးမြတ်၊ ဆက်မွန်မင်း၊ နေမျိုးမင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဉာဏ်လင်းနှင့်မောင်ငယ်၊ မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်မှ ပိုင်ဖြိုး၊ သက်လွင်၊ ခွန်စိုင်း၊ ညီညီဇော်နှင့် စိုင်းသီဟစိုး၊ နည်းပြဆရာအဖြစ် အဖွဲ့ချုပ်မှ ဦးစိန်ဝင်း(လယ်ယာ/ဆည်မြောင်း)တို့ ဖြစ်သည်။**(အောက်ပုံ)**

(မြန်မာ့အလင်း)

နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးသို့ နားကြားကိရိယာများ ပေးအပ်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေး အသင်းမှတစ်ဆင့် ဒိန်းမတ်နိုင်ငံမှ Mr. GUNTER VOLKMANN မှ ကျန်းမာရေးဦးစီးဌာန နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးသို့ ဆေးပစ္စည်းများ၊ နားကြားကိရိယာများ လှူဒါန်းပွဲအခမ်းအနားကို တာမွေမြို့နယ်ရှိ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး အစည်းအဝေးခန်းမတွင် ယမန်နေ့က ကျင်းပရာ ဗိုလ်မှူးချုပ် မြသိန်းဟန်(အငြိမ်းစား)၊ ဦးမောင်မောင်စိုးတင့်(အငြိမ်းစားသံအမတ်ကြီး)၊ မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာအောင်ထွဋ်၊ တွဲဖက်ပါမောက္ခ ဒေါက်တာဦးခင်မောင်သန်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာစိုင်းလူနှင့် ဆေးဝန်ထမ်းများ တက်ရောက်ကြသည်။

လက်ခံယူ

အခမ်းအနားတွင် မြန်မာနိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့်က လှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး အလှူရှင် ဒိန်းမတ်နိုင်ငံမှ Mr. GUNTER VOLK - MANN က ကျန်းမာရေးဦးစီးဌာန ရန်ကုန် နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီး(တာမွေ)နှင့် မော်လမြိုင် ပြည်သူ့ဆေးရုံကြီးများသို့ အော်တီယိုမီတာ၊ တင်ပန်နိုမီတာ၊ နားကြားကိရိယာများ၊ အော်တီယိုဂရမ်နှင့် အခြားဆေးပစ္စည်းများ ပေးအပ်လှူဒါန်းရာ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံအုပ်ကြီး ဒေါက်တာစိုင်းလူက လက်ခံယူသည်။ **(အပေါ်ဝဲပုံ)**

(မြန်မာ့အလင်း)

အထက(၃) ဗိုလ်တထောင် (ယခင်မက်သဒစ်ကျောင်း) အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၁

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကျောင်းသား ကျောင်းသူဟောင်းများ၏ ၂၀၀၈ခုနှစ် အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ၁၄ရက် (တနင်္ဂနွေနေ့)တွင် အထက(၃)ဗိုလ်တထောင် သစ္စာခန်းမ (သစ်သားကျောင်းဆောင်)တွင် ကျင်းပမည်ဖြစ်သည်။

ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အသက်(၆၀)ပြည့် ဆရာ ဆရာမကြီးများအားလုံးကို ပူဇော်ကန်တော့မည်ဖြစ်ပြီး ဆရာ ဆရာမကြီးများထံ သီးခြားဖိတ်စာပို့ပေးမည်ဖြစ်ကြောင်းနှင့် ကျောင်းတည်ထောင်သည်မှစ၍ ၂၀၀၈ခုနှစ်အထိ စာသင်ဖူးသည့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မည်သူမဆို ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

ဆက်သွယ်နိုင်

အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အလှူငွေထည့်ဝင်လိုသူများနှင့် အသေးစိတ်သိရှိလိုသူများသည် ကျောင်းသားဟောင်းများဖြစ်သည့် ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁-၆၃၂၂၃၊ ဦးကျော်အောင် ဖုန်း- ၀၉-၅၀-၂၆၄၅၀၊ ဦးလှသိန်း ဖုန်း-၀၉-၅၀-၆၇၀၃၀၊ ဦးအေးဝင်း ဖုန်း-၀၉-၅၀-၀၁၃၂၄၊ ဦးနေဝင်း ဖုန်း-၅၈၄၁၁၃၊ ဦးကျော်ဝင်း ဖုန်း-၅၇၉၃၁၃၊ ဦးထွန်းစိန် ဖုန်း-၀၉-၅၁-၈၅၂၂၈၊ ဦးဆန်းထူး ဖုန်း-၃၉၂၃၃၀၊ ဦးခင်မောင်ဦး-ဒေါ်သိန်းသိန်းရင် ဖုန်း-၅၇၂၃၅၂၊ ဦးသိန်းအောင် ဖုန်း- ၀၉-၅၀-၃၅၉၄၃၊ ဒေါ်ကြည်ကြည်မြင့် ဖုန်း-၃၉၆၄၇၉၊ ဒေါ်လှဲ့လှဲ့ဝင်းဟန် ဖုန်း-၀၉-၅၀-၀၆၈၄၃၊ ဦးကျော်မြ ဖုန်း-၀၉-၈၅-၀၂၂၇၉၊ ဒေါက်တာလှမြင့် ဖုန်း-၂၀၁၈၈၇ နှင့် ကိုသန်းဇော် ဖုန်း-၀၉- ၅၁-၁၄၇၅၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲ M.B.F အမျိုးသားအသင်းနှင့် လယ်ယာ/ဆည်မြောင်းအမျိုးသမီးအသင်းတို့ တံခွန်စိုက်ဆုဖလားများ ဆွတ်ခူးရရှိ

သတင်းမှတ်စုနှင့် ဓာတ်ပုံ-ဖိုးသော်ဇင် —— စာမျက်နှာဖွဲ့စည်းမှု-ခိုင်လွင် (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၁

၂၀၀၈ခုနှစ် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အလွတ်တန်းနှင့် သက်တန်းအလိုက် ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံ အားကစားရုံ၌ ဆက်လက်ကျင်းပရာ အလွတ်တန်းပြိုင်ပွဲတွင် M.B.F အမျိုးသားအသင်းနှင့် လယ်ယာ/ဆည်မြောင်း အမျိုးသမီး အသင်းတို့က တံခွန်စိုက်ဆုဖလားများ ဆွတ်ခူးရရှိသွားသည်။

အကြိတ်အနယ်

ဗိုလ်လုပွဲ ပွဲစဉ်များတွင် ယူ-၂၀အမျိုးသားပြိုင်ပွဲ၌ D.G.H အသင်းက I.S.M အသင်းကို ၇၉- ၅၈ မှတ်၊ အမျိုးသမီးပြိုင်ပွဲ၌ စက်မှု(၁)အသင်းက မန္တလေးအသင်း ကို ၆၁-၅၃ မှတ်၊ အလွတ်တန်းအမျိုးသမီးပြိုင်ပွဲ၌ လယ်ယာ/ဆည်မြောင်း အသင်းက စက်မှု(၁)အသင်းကို ၆၆-၆၀မှတ်၊ အမျိုးသားပြိုင်ပွဲ၌ M.B.F အသင်းက Fox အသင်းကို ၇၂-၆၄ မှတ် တို့ဖြင့် အသီးသီး အနိုင်ရဗိုလ်စွဲသွားကြသည်။ အမျိုးသား အလွတ်တန်းဗိုလ်လုပွဲဖြစ်သည့် M.B.F အသင်းနှင့် Fox အသင်းတို့ပွဲမှာ အကြိတ်အနယ်ဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး အနိုင်ရရှိသွားသော M.B.F အသင်းမှာ အုပ်စုပွဲမှ ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်း စင်ကာပူနိုင်ငံမှ New City အသင်းအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။ (မြန်မာ့အလင်း)

ချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် အမျိုးသား အလွတ်တန်းပြိုင်ပွဲ၌ ပထမဆု M.B.F အသင်း၊ ဒုတိယဆု Fox အသင်း၊တတိယဆုရ တနင်္သာရီတပ်စခန်းဌာနချုပ်အသင်း၊ အကောင်းဆုံး အားကစားသမားဆု ဘဏ်လင်း (M.B.F)တို့က ရရှိခဲ့ကြသည်။ ဆုကြေးများအဖြစ် ပထမ ကျပ်ခုနစ်သိန်းနှင့် ဆုဖလား၊ ဒုတိယ ကျပ်ငါးသိန်းနှင့် တတိယ ကျပ်သုံးသိန်း ချီးမြှင့်ခဲ့သည်။ အမျိုးသား ယူ ၂၀ ပြိုင်ပွဲတွင် ပထမ D.G. H အသင်း၊ ဒုတိယ I.S.M (Dragons)အသင်း၊တတိယဆုFurious အသင်း၊ အကောင်းဆုံး အားကစားသမားဆု ဆုဝင်း(D.G.H) တို့က ရရှိခဲ့ပြီး ဆုကြေးများအဖြစ် ပထမ ကျပ်ငါးသိန်းနှင့် ဆုဖလား၊ ဒုတိယ ကျပ်သုံးသိန်း၊ တတိယ ကျပ်နှစ်သိန်း ချီးမြှင့်ခဲ့သည်။

အမျိုးသမီးအလွတ်တန်း

အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင် ပထမ လယ်ယာ/ဆည်မြောင်းအသင်း၊ ဒုတိယ စက်မှု(၁)အသင်း၊ အကောင်းဆုံး အားကစားသမားဆုသက်စုထွေး(လယ်ယာ/ဆည်မြောင်း)တို့ကရရှိခဲ့ပြီး ဆုကြေးများအဖြစ် ပထမဆုကျပ် ခြောက်သိန်းနှင့် ဆုဖလား၊ ဒုတိယကျပ်လေးသိန်း ချီးမြှင့်ခဲ့သည်။ ယူ-၂၀ပြိုင်ပွဲတွင် ပထမစက်မှု(၁) အသင်း၊ ဒုတိယ မန္တလေးအသင်း၊ တတိယ မိုးကုတ်အသင်း၊ အကောင်းဆုံးအားကစားသမားဆု သဲသဲစန္ဒီမောင်(မန္တလေး)တို့က ရရှိခဲ့ပြီး ဆုကြေးများအဖြစ် ပထမ ကျပ်လေးသိန်းနှင့် ဆုဖလား၊ ဒုတိယကျပ်သုံးသိန်း၊ တတိယ ကျပ်နှစ်သိန်းတို့ချီးမြှင့်ခဲ့ကြသည်။ အသက် ၄၀ အထက်ပြိုင်ပွဲတွင် လာရောက်ယှဉ်ပြိုင်ခဲ့သော စင်ကာပူနိုင်ငံမှ New City အသင်းကိုလည်း ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည်။

ဆုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် တာဝန်ခံ နာယကများ၊ ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များက ပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ယူ-၁၆ပြိုင်ပွဲနှင့် ယူ-၁၃ ပြိုင်ပွဲများကို ဒီဇင်ဘာ၁၂ရက် **(ယနေ့)** နံနက် ၉နာရီမှစ၍ ကျိုက္ကဆံ မိုးလုံလေလုံ အားကစားရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

အမျိုးသား ယူ-၂၀ ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော D.G. H ရှမ်းပြည်နယ် (မြောက်ပိုင်း) အသင်းအား မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

■ ကျောဖုံးမှ

အာရှအလွတ်တန်း Compond မြားပစ်ပြိုင်ပွဲ၏ ပထမဦးဆုံး ဆုတံဆိပ်များကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ အာရှမြားပစ် အင်အားကြီးနိုင်ငံများ ဖြစ်သော အိန္ဒိယ၊ တရုတ်၊ မလေးရှားနှင့် ထိုင်းတို့ကိုကျော်ဖြတ်ကာ မြန်မာ မြားပစ်ကစားသမားများက ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ မီတာ၇၀ မြား၇၂ချောင်း အမျိုးသားတစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် ရဲမင်းဆွေ(မြန်မာ)က ၆၈၇မှတ်ဖြင့် ပထမရွှေတံဆိပ်၊ Amarinder (အိန္ဒိယ)က ၆၇၆မှတ်ဖြင့် ဒုတိယ ငွေတံဆိပ်၊ Ch Lenin (အိန္ဒိယ)က ၆၇၁ မှတ်ဖြင့် တတိယ ကြေးတံဆိပ်တို့ရရှိသည်။ ရွှေတံဆိပ်ဆွတ် ခူးရရှိခဲ့သော ရဲမင်းဆွေပစ်ခတ်ခဲ့သော မြား ၇၂ချောင်းတွင် ရရှိသောရမှတ် ၆၈၇ မှတ် (ပျမ်းမျှရမှတ် ၉ ဒသမ ၅မှတ်)မှာ ပြိုင်ပွဲဝင်အားလုံးတွင် အကောင်းဆုံးဖြစ်ကြောင်းသိရသည်။ အမျိုးသားပြိုင်ပွဲတွင် မြန်မာမှ ခြောက်ဦး၊ အိန္ဒိယမှ ခြောက်ဦး၊ ထိုင်းမှ သုံးဦး၊ မလေးရှားမှ နှစ်ဦးနှင့် တရုတ်မှတစ်ဦး စုစုပေါင်း ၁၈ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အကောင်းဆုံးပစ်ခတ်နိုင်

အမျိုးသမီးတစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် အောင်ငိုမ်း(မြန်မာ)က ၆၆၃မှတ်ဖြင့် ပထမရွှေတံဆိပ်၊ လှလှစန်း(မြန်မာ)က ၆၄၉မှတ်ဖြင့် ဒုတိယ ငွေတံဆိပ်၊ Manveer Kour (အိန္ဒိယ)က ၆၁၁မှတ်ဖြင့် တတိယကြေးတံဆိပ်တို့ ရရှိကြသည်။ ယင်းအမျိုးသမီးပြိုင်ပွဲကို အာရှမြားပစ်အင်အားကြီးနိုင်ငံများဖြစ်သော အိန္ဒိယ၊ တရုတ်တို့အပါအဝင် နိုင်ငံလေးနိုင်ငံမှ အားကစားသမားကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ရရှိခဲ့သော အောင်ငိုမ်းမှာ မြား ၇၂ချောင်းတွင် ၆၆၃မှတ် (ပျမ်းမျှရမှတ် ၉ ဒသမ ၂မှတ်)ဖြင့် အမျိုးသမီးပြိုင်ပွဲဝင်အားလုံးတွင် အကောင်းဆုံးပစ်ခတ်နိုင်ခဲ့ခြင်းဖြစ်သည်။

အမျိုးသား မီတာ ၇၀ မြား ၇၂ချောင်း တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သော ရဲမင်းဆွေ အောင်ပွဲခံနေစဉ်။ (မြန်မာ့အလင်း)

အသိအမှတ်ပြု

ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှမြားပစ်အဖွဲ့ချုပ် ကောင်စီဝင်၊ အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)နှင့် အမှုဆောင်များ၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr. Sanguan Kosavinta၊ အာရှမြားပစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ Maj (Rtd) Baharuddin Jamil နှင့် အတွင်းရေးမှူး Mr. Um Sung Ho နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ မြားပစ်အားကစားဝါသနာရှင်များကြည့်ရှု အားပေးခဲ့ပြီး အိမ်ရှင်မြန်မာမြားပစ်အဖွဲ့၏ အောင်မြင်မှုကို ချီးကျူးအသိအမှတ်ပြုခဲ့သည်။

ဦးဆောင်ယှဉ်ပြိုင်

ပြိုင်ပွဲပထမနေ့အပြီးတွင် အိမ်ရှင်မြန်မာက ရွှေနှစ်ခု၊ ငွေတစ်ခုဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး အိန္ဒိယအသင်းက ငွေတစ်ခု၊ ကြေးနှစ်ခု ရရှိထားသည်။ ဒီဇင်ဘာ ၁၂ရက်တွင် တစ်ဦးချင်း ရှုံး/ထွက် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာမြားပစ်အဖွဲ့အနေဖြင့် ဆုတံဆိပ်များ ထပ်မံဆွတ်ခူးပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

မော်လမြိုင် စက်မှုလက်မှု အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၁

မော်လမြိုင် စက်မှုလက်မှု အထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ကျောင်းသားဟောင်းများက အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၃ရက် (စနေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အာစရိယပူဇော်ပွဲသို့ သတ္တမအကြိမ်အထိ တက်ရောက်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားဟောင်းများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ မိတ်ဆုံစားပွဲသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဆရာဦးဘဏ်ထွန်း ဖုန်း-၆၄၁၈၄၆၊ ဦးဆန်းဦး ဖုန်း-၅၇၂၃၇၅၊ ဦးကြည်မြင့် ဖုန်း-၀၉-၅၁-၁၁၇၅၈၊ ဦးထွန်းလွင် ဖုန်း-၇၂၄၇၁၃၊ ဦးမင်းငွေသန်း ဖုန်း-၆၈၃၄၁၉၊ ဦးရွှေဝင်း ဖုန်း-၀၉-၅၁-၆၉၆၂၃၊ ၆၈၀၂၂၆ နှင့် ဦးစိုးမြင့် ဖုန်း-၀၉-၅၁-၇၇၂၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုဝင်ဘာ၂၂ရက်က ရန်ကုန်စက်မှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့မှ မြို့ပြအင်ဂျင်နီယာ ဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် ပြည်တွင်း ပြည်ပ ဆရာကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပနိုင်ရေးအတွက် (၁၉၉၅ခုနှစ် ဇန်နဝါရီလ) မြို့ပြအင်ဂျင်နီယာ ဘွဲ့ရသူများကိုယ်စား ဦးမြတ်ခိုင်ဆွေ၊ ဒေါ်အောင်မောင်ဦး၊ ဒေါ်ခင်သီတာနှင့် ဒေါ်စိုးစိုးတင်တို့က ပထမအကြိမ် ငွေကျပ် ၁၆သိန်းကို ပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်းကြူထံ ပေးအပ်လှူဒါန်းစဉ်။ (၁၃၅)

ဒေးဒရဲမြို့နယ် တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၁

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဒီဇင်ဘာ ၇ရက်က ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ချောင်းဖျားကျေးရွာအုပ်စုရှိ လေဘေးသင့်ပြည်သူများအတွက် ဘဲသားပေါက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် ဒေးဒရဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဖွင့်လှစ်ထားသည့် စက်ချုပ်သင်တန်းကို ကြည့်ရှုအားပေးပြီး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဒေးဒရဲမြို့နယ်ရှိ ကျေးရွာပြည်သူများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရန် မျိုးစေ့ထုပ်များကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ကုတ်မြို့နယ် ရိုးမလှိုင်းမဂ္ဂဇင်းအမှတ်(၄) ထုတ်ဝေရေးစာမူများဖိတ်ခေါ်

တောင်ကုတ် ဒီဇင်ဘာ ၁၁

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ရိုးမလှိုင်းမဂ္ဂဇင်းအမှတ်(၄)ကို ၂၀၀၉ ခုနှစ် မေလအတွင်း အပြီးသတ်ထုတ်ဝေသွားမည်ဖြစ်ရာ စာမူများကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်နောက်ဆုံးထား၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန တောင်ကုတ်မြို့နယ်ရုံးသို့လည်းကောင်း၊ ဦးညီမောင် အမှတ်(၂၁၅)ဆေးရုံးတန်းလမ်း ကံပိုင်ရပ်ကွက် တောင်ကုတ်မြို့သို့လည်းကောင်း ပေးပို့နိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မဟာဓာတ်အားလိုင်းများ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေး သင်တန်းဖွင့်ပွဲ

လျှပ်စစ်(၂) ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ ၉ရက်က နေပြည်တော်ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသော မဟာဓာတ်အားလိုင်းများ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးသင်တန်း အမှတ်စဉ် (၂/၂၀၀၈)ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ အင်ဂျင်နီယာအရာထမ်း ၄၂ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ္တရာ မြို့နယ် ကျန်းမာရေးဦးစီးဌာန မှူး ဒေါက်တာလှလှ ဌေး၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (အခွန်) ဒေါ်တိုးတိုးသန်း၊ ဈေးခေါင်း၊ဈေးမိဈေးဖ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (၅)ရပ်ကွက်မှဥက္ကဋ္ဌများ ပါဝင်သောအဖွဲ့ အောက်တိုဘာ ၃၀ရက်က မြို့မဈေးမုန့်ဆိုင်များနှင့် ကုန်စုံဆိုင်များတွင် မယ်လမင်းပါဝင်သောနို့မှုန့်များ ရောင်းချမှုရှိမရှိကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်စီးပွားရေးတက္ကသိုလ် ၆၉ခုနှစ်ဘွဲ့ရများ (၁၀)ကြိမ်မြောက် တွေ့ဆုံပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၁

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန် စီးပွားရေးတက္ကသိုလ် ၁၉၆၉ခုနှစ် ဘွဲ့ရများ၏ (၁၀)ကြိမ်မြောက် တွေ့ဆုံပွဲအခမ်းအနားကို စိမ်းလန်းစိုပြည် (အင်းလျားမြေ)၌ ဒီဇင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ကျင်းပမည်ဖြစ်သဖြင့် ၁၉၆၉ခုနှစ် ဘွဲ့ရများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် တွေ့ဆုံပွဲ အစီအစဉ်များနှင့် စပ်လျဉ်း၍ သိရှိလိုပါက ဦးကြည်စိုး ဖုန်း-၀၉-၅၁-၇၅၂၇၀၊ ဦးခင်မောင်ဝေ ဖုန်း-၂၁၄၀၆၄၊ ဗိုလ်မှူးခင်မောင်ဝင်း (ငြိမ်း)ဖုန်း-၆၆၆၂၁၈၊ ၅၆၃၈၈၇၊ အင်းလေးစိုးမြင့် ဖုန်း-၅၃၀၃၂၇၊ ဦးလှတိုး ဖုန်း-၅၀၀၉၇၄၊ ဦးအေးဇော် ဖုန်း-၅၄၁၇၄၂၊ ဦးခင်ဝင်း ဖုန်း-၆၆၄၄၇၇၊ ဦးသန်းထွန်း ဖုန်း-၃၇၁၅၄၄၊ဦးမြင့်သန်း ဖုန်း-၅၁၁၃၂၈၊ ဒေါ်ခင်မြသိန်း ဖုန်း-၆၅၁၂၉၆၊ ဒေါ်ကြည်ကြည်ညွန့် ဖုန်း-၅၁၉၉၈၂၊ ဒေါ်ခင်ရဲမြင့် ဖုန်း-၅၅၂၈၅၇၊ ၀၈၅-၄၀၁၈၂၊ ဦးမင်းထွန်းရှိန် ဖုန်း-၀၂-၅၇၄၈၇နှင့် ဦးဝင်းနိုင် ဖုန်း-၀၅၇-၂၂၁၅၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးဆောင်ရွက်မှုကို ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ညွန့်နှင့် ပြည်မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်တို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် ဒုတိယဦးစီးမှူး(သန့်) ဦးဖြိုးဝေအောင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မန်ယူနှင့်အာဆင်နယ်တို့ နောက်တစ်ဆင့်တက်ရောက် ရီးရဲမက်ဒရစ်နှင့် ဂျူဗင်းတပ်စ်တို့လည်း ရှေ့ခရီးဆက်နိုင်

နိုင်ငံတကာအားကစားမှတ်စု - မောင်ချစ်ကြည် စာမျက်နှာဖွဲ့စည်းမှု - သက်နိုင်

လန်ဒန် ဒီဇင်ဘာ ၁၁

ချန်ပီယံလိဂ်အုပ်စု နောက်ဆုံးပွဲစဉ်များကို ဒီဇင်ဘာ ၁၁ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ မန်ယူတို့အိမ်ကွင်း၌ အားဘော့ဂ်နှင့် နှစ်ဂိုးစီသရေကျပြီး အာဆင်နယ်တို့ အဝေးကွင်း၌ နှစ်ဂိုးပြတ်ရှုံးခဲ့သော်လည်း မန်ယူနှင့်အာဆင်နယ်တို့ ချန်ပီယံလိဂ် ရှုံးထွက် နောက်တစ်ဆင့်သို့ တက်နိုင်သွားကြသည်။

မန်ယူနှင့် အားဘော့ဂ်

တီဗက်ဇ်-ရွန်နေတို့ တိုက်စစ်အတွဲက အားဘော့ဂ်နောက်တန်းကို ထိုးဖောက်ကစားနိုင်ပြီး ဂိုးသွင်းခွင့် အခွင့်အရေးများလည်း ရရှိခဲ့သည်။ မန်ယူတို့ အားဘော့ဂ်ကို ဖိကစားနိုင်ခဲ့ပြီး ပွဲအစသုံးမိနစ်၌ပင် တီဗက်ဇ်က အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ သို့သော် ၃၁မိနစ်၌ အားဘော့ဂ်နောက်ခံလူ ဂျာကိုဆင်က ခေါင်းတိုက်သွင်းယူခဲ့သလို ၄၅မိနစ်၌ အားဘောဂ်တိုက်စစ်မှူး ဂျက်ပီကော့က ခေါင်းတိုက်သွင်းယူခဲ့သဖြင့် အားဘော့ဂ်တို့ နှစ်ဂိုးရရှိခဲ့သည်။ မန်ယူအတွက် ချေပဂိုးကို ၅၂မိနစ်၌ ရွန်နေက အန်ဒါဆင် ဖြတ်ပေးလိုက်သည့် ဘောလုံးကို ကန်သွင်းယူခဲ့သဖြင့် နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ ထို့ကြောင့် အုပ်စု(င)တွင် မန်ယူနှင့်ဗီလာရီးရဲတို့ ချန်ပီယံလိဂ်နောက်တစ်ဆင့် တက်ရောက်သွားကြပြီ ဖြစ်သည်။

ပေါ်တိုနှင့်အာဆင်နယ်

အာဆင်နယ်တို့ ပေါ်တိုကွင်း၌ ခြေရည်တူကစားနိုင်ခဲ့သော် ဂိုးသွင်းခွင့် အခွင့်အရေး နည်းပါးခဲ့သည်။ လိုပက်နှင့် ဟုလ်ခ်တို့ ဦးဆောင်သော ပေါ်တိုတိုက်စစ်က အာဆင်နယ်နောက်တန်းကို ထိုးဖောက်ကာ ၁၃ကြိမ် ဂိုးသွင်းရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ငါးကြိမ်ရရှိခဲ့သည်။ ပေါ်တိုအတွက် အဖွင့်ဂိုးကို ၃၈မိနစ်၌ နောက်ခံလူ အဲလ်ဗက်စ်က ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူပေးသည်။ အာဆင်နယ်တို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ဘင့်တနာနှင့်ဗီလာတို့ ကန်ချက်များ လွဲချော်နေသဖြင့် ဂိုးမရရှိခဲ့ချေ။ ပေါ်တိုအတွက် ဒုတိယဂိုးကို ၅၄မိနစ်၌ တိုက်စစ်မှူးလိုပက်ဇ်က သွင်းယူပေးခဲ့သဖြင့် နှစ်ဂိုးပြတ်ဖြင့် ပေါ်တိုတို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အုပ်စု(ဆ)၌ ပေါ်တိုနှင့်အာဆင်နယ်တို့ နောက်တစ်ဆင့် တက်ရောက်သွားကြပြီဖြစ်သည်။

ရီးရဲမက်ဒရစ်နှင့်ဇင်းနစ်

ရီးရဲနည်းပြသစ် ရာမို့စ်က တိုက်စစ်တွင် ရော်ဘင်နှင့်ရာအူးလ်တို့ကို ပွဲထုတ်ခဲ့ရာ ဂိုးသွင်းခွင့်အကြိမ်များစွာ ရရှိခဲ့သည်။ ဇင်းနစ်တို့ ရီးရဲတိုက်စစ်ကိုသာ ဟန့်တားရင်း တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့သည်။ ရီးရဲအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး ရာအူးလ်က ၂၅မိနစ်၌ ဘယ်ခြေဖြင့် အနီးကပ် ကန်သွင်းယူခဲ့သည်။ ရီးရဲအတွက် ဒုတိယဂိုးကို ရော်ဘင်က မိနစ် ၅၀၌ ရာအူးလ် ဖြတ်ပေးလိုက်သည့် ဘောလုံးကို ဘယ်ခြေဖြင့် အပိုင်ကန်သွင်းယူခဲ့သည်။ ဇင်းနစ်တို့ ချေပဂိုးများ မသွင်းနိုင်ဘဲရှိနေရာ ၅၇မိနစ်၌ ရာအူးလ်ကပင် ရော်ဘင် ချပေးလိုက်သည့် ဘောလုံးကို ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ အုပ်စု(ဇ)၌ ရီးရဲမက်ဒရစ်နှင့်ဂျူဗင်းတပ်စ်တို့ချန်ပီယံလိဂ် နောက်တစ်ဆင့်သို့ တက်ရောက်သွားကြပြီ ဖြစ်သည်။

အခြားပွဲရလဒ်များ

ဂျူဗင်းတပ်စ်	၀ - ၀	ဘိုရီဆော့ဖ်
ဒိုင်နမိုကိဗ်	၁ - ၀	ဖီနာဘာချီ
စတုအာဘူခါရက်	၀ - ၁	ဖီအိုရင်တီးနား
ဆဲလ်တစ်	၂ - ၀	ဗီလာရီးရဲ

မန်ယူ၏ဒုတိယဂိုး

မန်ယူနှင့်အားဘော့ဂ်တို့ပွဲတွင် မန်ယူအတွက် ဒုတိယဂိုးကို တိုက်စစ်မှူး ရွန်နေ(ဝဲ) ဤသို့ သွင်းယူခဲ့သည်။

အုပ်စု(က)ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
ရိုးမား	၆	၄	၀	၂	၁၂
ချယ်လ်ဆီး	၆	၃	၂	၁	၁၁
ဘော်ဒိုး	၆	၂	၁	၃	၇
ကလူ့ချ်	၆	၁	၁	၄	၄

အုပ်စု(ခ)ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
ပါနာသီနိုင်းကို့စ်	၆	၃	၁	၂	၁၀
အင်တာမီလန်	၆	၂	၂	၂	၈
ဝါဒါဘရီမင်	၆	၁	၄	၁	၇
အနော်သိုဆစ်	၆	၁	၃	၂	၆

အုပ်စု(ဂ)ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
ဘာစီလိုနာ	၆	၄	၁	၁	၁၃
စပို့တင်း	၆	၄	၀	၂	၁၂
ရှက်တာဒိုးနက်စ်	၆	၃	၀	၃	၉
အက်ဖ်စီဘာဆယ်	၆	၀	၁	၅	၁

အုပ်စု(ဃ)ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
လီဗာပူး	၆	၄	၂	၀	၁၄
အက်သလက်တီကို	၆	၃	၃	၀	၁၂
မာဆေး	၆	၁	၁	၄	၄
ပီအက်စ်ဗွီ	၆	၁	၀	၅	၃

အုပ်စု(င)ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
မန်ယူ	၆	၂	၄	၀	၁၀
ဗီလာရီးရဲ	၆	၂	၃	၁	၉
အားဘော့ဂ်	၆	၁	၃	၂	၆
ဆဲလ်တစ်	၆	၁	၂	၃	၅

အုပ်စု(စ)ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
ဘေယန်မြူးနစ်	၆	၄	၂	၀	၁၄
လိုင်ယွန်	၆	၃	၂	၁	၁၁
ဖီအိုရင်တီးနား	၆	၁	၃	၂	၆
စတုအာဘူခါရက်	၆	၀	၁	၅	၁

အုပ်စု(ဆ)ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
ပေါ်တို	၆	၄	၀	၂	၁၂
အာဆင်နယ်	၆	၃	၂	၁	၁၁
ဒိုင်နမိုကိဗ်	၆	၂	၂	၂	၈
ဖီနာဘာချီ	၆	၀	၂	၄	၂

အုပ်စု(ဇ)ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
ဂျူဗင်းတပ်စ်	၆	၃	၃	၀	၁၂
ရီးရဲမက်ဒရစ်	၆	၄	၀	၂	၁၂
ဇင်းနစ်	၆	၁	၂	၃	၅
ဘိုရီဆော့ဖ်	၆	၀	၃	၃	၃

(ကိုးကားအင်တာနက်)



ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)

ရန်ကုန်ရောက် ဘိုကလေးမြို့နယ်သူ/သားများ၏ သာရေးနာရေးကိစ္စများကို ထိရောက်စွာ ကူညီပံ့ပိုးနိုင်ရန်နှင့် အသင်းဝင်များ၏ အမည်၊ လိပ်စာ၊ ဖုန်းနံပါတ် အပြည့်အစုံပါရှိသော မှတ်တမ်းစာအုပ်အသစ်ပြုစုရန်၊ အသင်းဝင်များနှင့် အသင်းဝင်လိုသူများသည် ဘိုကလေးအသင်းတိုက် အမှတ် ၅၄ (တတိယထပ်) ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၂၁၂၅၀၈ သို့လည်းကောင်း၊ ဥက္ကဋ္ဌ ဦးစောဝေ ဖုန်း-၅၁၂၇၁၄၊ အတွင်းရေးမှူး ဦးသိန်းညွန့် ဖုန်း-၆၈၂၈၂၂၊ ဘဏ္ဍာရေးမှူး ဦးဝင်းမြင့် ဖုန်း-၂၀၁၂၇၅ တို့သို့လည်းကောင်း၊ အမြန်ဆုံး ဆက်သွယ်ကြရန်၊ ဆက်သွယ်မှုရရှိပါက ကွင်းဆင်းအမှုဆောင်များက နေအိမ်အရောက် လာရောက်ပြီး စာရင်းဇယားများ ရယူမည်ဖြစ်ပါကြောင်း။ **အလုပ်အမှုဆောင်အဖွဲ့။**

(၇)နှစ်ပြည့် အလှူတော် ပူဇော်ပွဲ

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်း မင်္ဂလာမဏ္ဍိုင်ကျောင်းတိုက် ကျေးဇူးတော်ရှင် ဆရာတော်ကြီးများ၏ ဂုဏ်ကျေးဇူးတော် အောက်မေ့အပ်သောနေ့အဖြစ်ဖြင့် အဂ္ဂမဟာပဏ္ဍိတ+ဘဒ္ဒန္တ ဝိနယာစာရာ ဘိဝံသ၊ ပန်းတနော်ဆရာတော်ကြီး ဘဝနတ်နန်း စံမြန်းကြသည့် (၇)နှစ်ပြည့် အထိမ်းအမှတ် ကုသိုလ်တော်ပြု ကတညုတ+ကတဝေဒီ မင်္ဂလာ အလှူတော်ပူဇော်ပွဲကို ၁၃၇၀ ပြည့်နှစ် နတ်တော်လပြည့်ကျော်(၁၃)ရက်၊ ၂၅-၁၂-၂၀၀၈ရက် (ကြာသပတေးနေ့) နံနက်၉နာရီ၄၅ မိနစ်တွင် ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သော မင်္ဂလာမဏ္ဍိုင်ကျောင်းတိုက်၌ ဆရာတော်ကြီးများ၏ ဂုဏ်ကျေးဇူးတော်တို့ကို အာရုံပြုလျက် ကျင်းပပူဇော်ကြမည်ဖြစ်၍ တပည့်ဒါယကာ ဒါယိကာမများအနေဖြင့် ပါဝင်ကုသိုလ်ယူ လှူဒါန်းပူဇော်နိုင်ပါကြောင်း နှိုးဆော်ထားသည်။

လူပျောက်

အမှတ် ၉၀၊ ရာဇဓိရာဇ်လမ်း၊ မြိုင်သာယာရပ်၊ မော်လမြိုင်မြို့နေ မိသီတာဖြိုး အသက် ၂၂ နှစ်၊ နားမကြား၊ စကားမပီ၊ အရပ်ရှည်သူ ၂၉-၁၁-၂၀၀၈ ရက်တွင် မော်လမြိုင်နေအိမ်မှထွက်သွားရာ ယနေ့အထိ ပြန်ရောက်မလာသဖြင့် မိဘများ စိတ်ပူနေသည်။ တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင်-ဦးမင်းထွန်းသောင်း၊ မိခင်-ဒေါ်လှမြိုင်
ဖုန်း-၀၅၇-၂၄၆၁၃။

အများသိစေရန်သတိပေးကြေညာခြင်း

ဦးဇော်မိုးသူ ၈/မကန(နိုင်)၀၀၁၂၄၅ ၏ ညွှန်ကြားချက်အရ သတိပေးကြေညာအပ်ပါသည်။

ဦးဇော်မိုးသူသည် အမှတ်-၁၅၄၊ ရွှေရင်အေးကျောင်းလမ်း၊ စက်မှုဇုန် (၅)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့တွင် လုပ်ငန်းလည်ပတ်လျက်ရှိသော "အလုံးစုံကျော်ဖြတ်စက်မှုကုမ္ပဏီလီမိတက် (All PASS THROUGH INDUSTRIAL COMPANY LIMITED)"၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ်-၁၂၄/၂၀၀၀-၂၀၀၁၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သည့်အပြင်၊ ကာလတန်ဖိုးငွေ U.S.Dollars 23,705 ခန့်တန်ဖိုးရှိ ကုမ္ပဏီပိုင်ပစ္စည်းများအပေါ် ၇၀% အကျိုးသက်ဆိုင်ခွင့်ရှိသူတစ်ဦးလည်းဖြစ်ပါသည်။ ယင်းပစ္စည်းများနှင့် စပ်လျဉ်း၍ ဦးဇော်မိုးသူ၏ သိရှိသဘောတူညီခြင်းမရှိပါဘဲ မတရားလက်ဝယ်ရယူခြင်းနှင့် မတရားဆုပ်ကိုင်စီမံခန့်ခွဲခြင်းတို့အပါအဝင် တရားဥပဒေပြဋ္ဌာန်းချက်များအား ထိပါးချိုးဖောက်ပြုမှုနေသူများ အပေါ် ပြစ်မှုကြောင်း၊ တရားမကြောင်းတို့အရ ထိရောက်စွာအရေးယူသွားရန် စတင်စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါ၍ အဆိုပါကုမ္ပဏီလီမိတက်ပိုင်ပစ္စည်းများနှင့် ကုမ္ပဏီလုပ်ငန်းအဝဝတို့နှင့်စပ်လျဉ်း၍ ဦးဇော်မိုးသူ၏စာဖြင့် အတိအလင်းသဘောတူညီချက်မရှိပါဘဲ ဆက်နွှယ်ပတ်သက်ခြင်း တစ်စုံတစ်ရာ မပြုမူကြရန်အတွက် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

(ခင်မောင်မြင့်) B.A.(Law), L.L.B.,DLP (WIPO-Switzerland), Advocate.
၅၆၁၊ ပထမထပ်၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့။
ဖုန်း-၉၅-၁-၇၀၆၈၄၆၊၃၈၄၃၈၂
-၉၅-၉-၅၁၂၁၄၄၈
e-mail:kmm-lawyer&myanmar.com.mm.

ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ (H)၊ မြေကွက်အမှတ် ၃၅ဂျီ/၈ ဧရိယာ ၀ ဒသမ ၁၂၅ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၇၇-(ဒီ)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား ၁ ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နှစ်ထပ်တိုက် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင်ဒေါ်သီတာ ၁၂/ဗဟန (နိုင်)၀၅၄၀၉၈ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင် (LL.B)

တရားရုံးချုပ်ရှေ့နေ (စဉ်-၅၇၇၃)

ဒေါ်သန္တာစိုး (LL.B) (စဉ်-၂၄၀၄၆)	ဒေါ်လှတင် (LL.B) (စဉ်-၂၇၅၃၀)
ဦးမိုးမင်းဆွေ (LL.B) (စဉ်-၂၈၆၄၁)	ဒေါ်ကြည်ကြည်မျိုးဝင်း (LL.B)(စဉ်-၂၈၇၃၄)

အထက်တန်းရှေ့နေများ

အမှတ် ၅၅၊ တတိယထပ်၊ အခန်း ၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁-၂၇၁၄၄။

တစ်ချက်တည်းကျင်းဝင်ခဲ့

ရန်ကုန် ဒီဇင်ဘာ ၁၁

ဦးထွန်းနုသည် ကစားဖော်များဖြစ်ကြသော ဦးသာညွန့်၊ ဦးမောင်မောင်အောင်တို့နှင့်အတူ ယမန်နေ့တွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် SRIXON ZUR-S No(1) ဘောလုံးကို Ping Rsi Iron No(6) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၂ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ် (၁၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ဦးတည်းဖြစ်ကြောင်း

အဖဦးဇော်ထွန်း ၁၁/စတန(နိုင်)၀၁၄၆၈၉ ၏ သမီး မမို့မို့လွင်(ခ) မမို့သဉ္ဇာကျော် ၁၂/အစန(နိုင်)၂၀၆၇၁၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မမို့မို့လွင်(ခ)မမို့သဉ္ဇာကျော်။

ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်

ကျွန်တော် စိုးမြင့်သန်း ၅/ကနန (နိုင်) ၀၁၈၈၉၆ ၏ နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် P.S.A အလုပ်အကိုင် ကတ်ပြားများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အမြန်ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၅၁-၂၂၀၁၂။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၁

မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဆိပ်ကမ်းအင်ဂျင်နီယာဌာန အတွက် သင်ထောက်ကူပစ္စည်းများ လှူဒါန်းပွဲနှင့် ၂၀၀၆-၂၀၀၇နှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်များတွင် ဆိပ်ကမ်းအင်ဂျင် နီယာဘာသာရပ်၌ ပထမဆုရ ဘွဲ့ရကျောင်းသားနှစ်ဦးတို့အား HPH က ရွှေတံဆိပ်ဆုနှင့် အမေရိကန်ဒေါ်လာ ၁၀၀၀ စီ ချီးမြှင့်ပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင် မြို့နယ် သီလဝါဒေသရှိ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဦးချာလီသန်းက အမှာစကားပြောကြားပြီး မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသီလဝါမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးမင်းကြည်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြ၍ သင်ထောက်ကူပစ္စည်းများကို ပါမောက္ခချုပ်ထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ယာပုံ)**

ချီးမြှင့်

ထို့နောက် ဆိပ်ကမ်းအင်ဂျင်နီယာ ဘာသာရပ်တွင် ပထမဆုရ ကျောင်းသား နှစ်ဦးတို့အား လက်ထောက်အထွေထွေ မန်နေဂျာ ဦးမင်းကြည်က HPH ရွှေတံဆိပ်ဆုနှင့် အမေရိကန်ဒေါ်လာ ၁၀၀၀ စီတို့ကို ပေးအပ်ချီးမြှင့်သည်။

စေလွှတ်

မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါအနေဖြင့် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်သို့ သတ္တမအကြိမ် လှူဒါန်းမှုအဖြစ် ယခု ၂၀၀၈ ခုနှစ်တွင် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၉၀၀၀ တန်ဖိုးရှိ ဆိပ်ကမ်းအင်ဂျင်နီယာ ပညာဌာနတွင် လိုအပ်မည့် ရည်ညွှန်းစာအုပ်များ၊ သင်ထောက်ကူပစ္စည်းများနှင့် ပညာသင်ဆုအနေဖြင့် ဆိပ်ကမ်းအင်ဂျင်နီယာအထူးပြု ကျောင်းသား ၁၀ဦးတို့အား ရွေးချယ်၍ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ ဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၀၀ ကို ပညာသင်ဆုအဖြစ် ပေးအပ်ခဲ့ပြီး ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ရ အထူးပြုကျောင်းသား သုံးဦးတို့အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့တွင် Saigon International Terminals Vietnam (SITV) က တည်ဆောက်လျက်ရှိသော ဆိပ်ကမ်းလုပ်ငန်းတွင် ခြောက်လတာ အလုပ်သင်များအဖြစ် စေလွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ) များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိ ရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ အနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန် နှင့် အချက်ပြထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

နိုဝင်ဘာလအတွင်း မူးယစ်ဆေးဝါး ၂၀၇မှု ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၁

၂၀၀၈ ခုနှစ် နိုဝင်ဘာလတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါး အမှုပေါင်း ၂၀၇မှုဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း၃၄ မှု အလေးချိန် ၇၁ဒသမ ၁၈၀၇ကီလို၊ ဘိန်းဖြူ ၆၂ မှု အလေးချိန် ၇ ဒသမ ၆၀၀၇ ကီလို၊ ဘိန်းဆီ ၁၀ မှု အလေးချိန် ဒသမ ၇၅၁၃ ကီလို၊ အဆင့် နိမ့်ဘိန်း ၁၉ မှု အလေးချိန် ၄ ဒသမ ၆၁၅၂ ကီလို၊ ဆေးခြောက် ၁၀မှု အလေးချိန် ၉ဒသမ ၀၀၉၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၃ မှု ၂၂၁၄၀၆ ဒသမ ၅ပြား၊ ဘိန်းစားမှုန့်ကိုးမှု အလေးချိန် ၆ ဒသမ၁၂၂၉ကီလို၊ စိတ်ကြွဆေးမှုန့် အလေးချိန် ဒသမ၂၅၇ကီလို၊ အိုက်စ်တစ်မှု အလေးချိန် ၂ ဒသမ ၅၁၅ ကီလို၊ ကေဖင်း အလေးချိန် ၅ ဒသမ၉ကီလို၊ အက်ဖီဒရင်း အလေးချိန် ၇ ကီလို၊ ဗြူပရီ နော်ဖင်းအပြား ၂၀၊ ထရာမဒေါလ်ဆေးတစ်တောင့်၊ ချောင်းဆိုးပျောက်ဆေးရည် အလေးချိန် ဒသမ ၁၂ လစ်တာ၊ ဓာတုဆေးရည်အလေး ချိန် ၁၅၆ ဒသမ ၅ လစ်တာ၊ မှတ်ပုံတင် ပျက်လေးမှုနှင့် အခြားအမှု ငါးမှုဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိအမှုပေါင်း ၂၀၇ မှုတွင် တရားခံ အမျိုးသား ၂၅၀၊ အမျိုးသမီး ၅၈ ဦးစုစုပေါင်း တရားခံ ၃၀၈ ဦးတို့အား ဥပဒေအရအရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေး မီးဘေးလုံခြုံရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုကို အောက်တိုဘာ ၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရုံးဝင်းအတွင်း၌ ကျင်းပရာ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုကို သရုပ်ပြသစဉ်။ (မြို့နယ်စည်ပင်)

လားရှိုး၌ စာပေဟောပြော

လားရှိုး ဒီဇင်ဘာ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ၁၃၇၀ ပြည့် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို မြို့တော်ခန်းမ၌ နိုဝင်ဘာ ၂၆ရက် ညနေ၆နာရီခွဲကကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးသိန်းဟန်(ရာမညသွေးမွန်)က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် လားရှိုးခရိုင် ဥက္ကဋ္ဌ ဦးတိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက စာရေးဆရာဒေါက်တာကမ္ဘောဇ ခင်လှိုင်နှင့် စာရေးဆရာများက ဟောပြောကြသည်။ (၀၂၆)

မိုင်းဆတ်မြို့နယ်၌ အလင်းရောင်စာကြည့်တိုက်အဆောက်အအုံဖွင့်

မိုင်းဆတ် ဒီဇင်ဘာ ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ပိန်းနေအုပ်စု ကုန်းကုလားကျေးရွာ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက် ၈ နာရီခွဲက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ မိုင်းဆတ်မြို့နယ်ဥက္ကဋ္ဌ ဦးတင်ညွန့်၊ မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကား ပြောကြားပြီး မိုင်းဆတ်မြို့နယ်ဥက္ကဋ္ဌ ဦးတင်ညွန့်နှင့် ခရိုင်ဦးစီးအရာရှိ ဦးသန်းဌေးတို့က ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေး ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် အလှူရှင် ၁၀ဦးက သုတရသ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် ရုပ်ပြ စုစုပေါင်းအုပ်ရေ ၅၇၀ (တန်ဖိုးငွေကျပ် ၃၀၈၀၀၀)လှူဒါန်းပြီး တန့်ဆိုင်ကျေးရွာမှ ဦးကျလူးက စာကြည့်တိုက်ရန်ပုံငွေကျပ်၅၀၀၀၀ ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

နေပြည်တော် စည်ပင်သာယာရေးကော်မတီ နေပြည်တော် တပ်ကုန်းမြို့မဈေး အတွင်း အောက်တိုဘာ ၂၉ရက်က မီးသုံးစွဲသောဆိုင်ခန်းများအား စနစ်တကျမီးသုံးစွဲရေး ပညာပေးဟောပြောခြင်းနှင့် လိုက်လံစစ်ဆေးခြင်း ဆောင်ရွက်ပြီး မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသစဉ်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းပဒေသာ

ဟုမ္မလင်း ဗိုလ်ချုပ်လမ်း ကတ္တရာခင်းရန် ကျောက်များစုဆောင်း

ဟုမ္မလင်း ဒီဇင်ဘာ ၅

ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဗိုလ်ချုပ်လမ်း ကတ္တရာခင်းရန် ခွဲကျောက်များစုဆောင်းထားရှိမှု အခြေအနေကို အောက်တိုဘာ ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုး ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးရန်နိုင်ညွန့်က ရှင်းလင်းတင်ပြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

စာစီစာကုံးပြိုင်ပွဲဆုရသူများ ဆုပေးအပ်ချီးမြှင့်

ပေါင် ဒီဇင်ဘာ ၄

(၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက် နံနက် ၈နာရီက ပေါင်မြို့ အထက ရွှေရတုခန်းမ၌ကျင်းပရာ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံမှပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို ပေါင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းလွင်က ဖတ်ကြားပြီး (အပေါ်ပုံ) အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ပေါင်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်မှ ကျောင်းသား ကျောင်းသူကိုးဦးတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (၁၇၆)

ခင်ဦးမြို့ အထက ရွှေရတုသဘင်နှင့် အာစရိယပူဇော်ပွဲကျင်းပမည်

ခင်ဦး ဒီဇင်ဘာ ၁၁

ခင်ဦးမြို့ အထက၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် ဒွါဒသမကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက်နှင့် ၂၇ရက်များတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)နှင့်အထက် ဆရာကြီး ဆရာမကြီး ၆၉ဦးနှင့် ဂုဏ်ပြုခံ ဆရာကြီး ဆရာမကြီး ၉၁ဦး စုစုပေါင်း၁၆၀တို့အား ပူဇော် ကန်တော့မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကန်တော့ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ လှူဒါန်း လိုပါက ဦးမောင်မောင်ထူး ဖုန်း-၀၇၅-၄၀၀၅၆၊ ဦးဘကျမ် ကျောင်းအုပ်ဆရာကြီး၊ ဦးခင်မောင်ရွှေ ဖုန်း-၀၉-၂၁-၀၀၀၄၁၊ ဦးစန်းအောင် ဖုန်း-၀၁-၂၅၂၅၄၆၊ ဦးတင်မြင့် ဖုန်း-၀၂-၂၂၂၁၁၊ ဒုတိယရဲမှူးကြီးဘိုလေး ဖုန်း-၀၆၇-၂၁၉၁၇၊ ၄၀၁၀၂၆၊ ဗိုလ်မှူး စိုးရန်နိုင်၊ ဒေါ်ငွေရ ဖုန်း-၀၇၅-၂၁၅၆၈နှင့် ဒေါက်တာခင်သန်းမြင့် ဖုန်း-၀၇၅-၄၀၀၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

စစ်ကိုင်းတိုင်း ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော သဖန်းအိုင်-စံပြကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို အောက်တိုဘာ ၁၃ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဟိန်း ကွင်းဆင်းကြီးကြပ်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်အောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာဆိုတော်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုနှင်းသဘင်ကျင်းပရေး ဖြူး၌ စည်းဝေး

ဖြူး ဒီဇင်ဘာ ၅

ပဲခူးတိုင်း ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပမည့် ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ်စာပေဟောပြောပွဲနှင့် စာပေဆုနှင်းသဘင် အခမ်းအနား ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၉ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆုနှင်းသဘင်အောင်မြင်အောင် ကျင်းပနိုင်ရေးအတွက် အမှာစကားပြောကြားပြီး(ယာပုံ) စာရေးဆရာများအား ကြိုတင်ဖိတ်ကြားရေးနှင့် လိုအပ်သည့်အစီအစဉ်များကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဖြူးမြို့နယ် ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေ ဟောပြောပွဲနှင့် ဆုနှင်းသဘင်အခမ်းအနား ကို ယခုနှစ် ဒီဇင်ဘာ တတိယပတ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် ဆုံးဖြတ်ကြသည်။ (၀၅၁)

စဥ့်ကိုင်၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

စဥ့်ကိုင် ဒီဇင်ဘာ ၃

ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန၏ ဦးဆောင်မှုဖြင့် ကျေးရွာအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းကျင်းပသည့် အိုးထိန်းတောင်ကျေးရွာ ပညာစမ်းရေ ကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနား ကို နိုဝင်ဘာ ၂၅ရက် နံနက်၇နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေဝေဖြိုးက စာကြည့်တိုက်များ ဖွင့်လှစ် ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ဆွေးနွေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကွန်ဟိန်းမြို့နယ်၌ အရန်သားဖွားသင်တန်းဆင်း

ကွန်ဟိန်း ဒီဇင်ဘာ ၄

ကွန်ဟိန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော အဌမအကြိမ်မြောက် ကွန်ဟိန်းမြို့နယ် အရန်သားဖွားသင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ရက် နံနက်၉နာရီခွဲက ကွန်ဟိန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် ကွန်ဟိန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဉာဏ်ထွန်းက သင်တန်းသူများအား သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုရရှိသူ သင်တန်းသူ လေးဦးတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ ယင်းနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ မြေစိုက်ပိုစတာစိုက်ထူ

မိတ္ထီလာ ဒီဇင်ဘာ ၆

မိတ္ထီလာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၁ရက်က ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူပွဲကို ကန်ကူးတံတားအနောက်ဘက် အထက(၁) ကျောင်းရှေ့၌ ကျင်းပသည်။

မြေစိုက်ပိုစတာကို မိတ္ထီလာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်း၊ ခရိုင်အထွေထွေ ရောဂါကုဆေးရုံမှ ဆေးရုံအုပ်ကြီး ဦးကြည်ဝင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဒေါ်တင်တင်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို သူနာပြုသင်တန်းကျောင်း ခန်းမ၌ ဆက်လက်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး မိတ္ထီလာအထွေထွေရောဂါကု ဆေးရုံအုပ်ကြီးဦးကြည်ဝင်းက ကမ္ဘာ့အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးနေ့ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မိတ္ထီလာခရိုင် ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး၊ ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာအောင်ကျော်ထွေးက အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နေ့အကြောင်း ရှင်းလင်းပြောကြားပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပသည်။

မိတ္ထီလာကြက်ခြေနီအသင်းရုံးတွင် ကမ္ဘာ့အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံပြခန်းကို မိတ္ထီလာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်သန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှမျိုးရှိန်နှင့် မိတ္ထီလာခရိုင် ဆရာဝန်ကြီး ဦးကြည်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)** ယင်းနောက် ဓာတ်ပုံပြခန်းကို တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

(ဝ၈၆)

ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် ရွှေဥမင်ဘုရားလမ်းရှိ ပန်းအလှခုံများ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဆေးအသစ်ပြန်သုတ်ခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁၁ရက်က ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့ ကြီးကြပ်ပေးစဉ်။
(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့်တာဝန်ရှိသူများ ဒီဇင်ဘာ၄ရက်က သီပေါမြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်များနှင့် လမ်းဘေးအိမ်ဆိုင်၊ စတိုးဆိုင်များတွင် မယ်လမင်းပါဝင်သော နို့မှုန့်များ ရောင်းချမှုမရှိစေရေးနှင့် ဆားများတွင် အိုင်အိုဒင်းဓာတ် ပါဝင်မှု ရှိ၊ မရှိတို့ကို ကွင်းဆင်းစစ်ဆေးကြစဉ်။
(ဝ၂၀)

စာပေဟောပြောပွဲ ပုဏ္ဏားကျွန်းတွင် ကျင်းပ

ပုဏ္ဏားကျွန်း ဒီဇင်ဘာ ၃

ပုဏ္ဏားကျွန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော နတ်တော်လ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၁၃)ကြိမ်မြောက် စာပေဟောပြောပွဲကို နိုဝင်ဘာ၂၉ရက် ညဂနာရီက မြို့မ ဇေတီဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် တက်ထွန်းနီ (မြောက်ဦး)က ရခိုင်မင်းများအုပ်ချုပ်ရေးနှင့် တရားစီရင်ထုံးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဗဂျီးကျော်(စစ်တွေ)က ရခိုင်အမျိုး လူမျိုးများ၏ ဇန်းစကား ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရိုးမလူ (ရခိုင်သားကြီးစာပေ)က ကျွန်တော့်ကိုယ်စားပြောပေးပါ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စစ်တွေညိုသန့်က စာပေထဲက အလိမ္မာခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

မိုင်းယောင်းမြို့ မြို့မဈေးကြီးအတွင်းနှင့် မြို့တွင်းဈေးဆိုင်များတွင် မယ်လမင်းဓာတ်ပါဝင်သည့် နို့မှုန့်များရောင်းချခြင်းရှိ၊ မရှိအခြေအနေကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

ဖလမ်းမြို့ အမျိုးသမီးအိမ်တွင်းမှု စက်ချုပ်၊ သိုးမွေးနှင့် ကြိမ် ဝါးသင်တန်းများဆင်း

ဖလမ်း ဒီဇင်ဘာ ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုအဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၉/၂၀၀၈)၊ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၁၅/၂၀၀၈)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ် (၁၃/၂၀၀၈)၊ ကနုကမာ ကျောက်စီပန်းချီ သင်တန်း အမှတ်စဉ်(၁၂/၂၀၀၈)၊ လက်ရက်ကန်းသင်တန်းအမှတ်စဉ်(၁၁/၂၀၀၈)၊ ကြိမ်၊ ဝါးသင်တန်း အမှတ်စဉ်(၃/၂၀၀၈) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၈ရက် နံနက် ၉နာရီက ဖလမ်းမြို့ အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းက အမှာစကားပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ ခရိုင်ခေတ္တဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများ ချီးမြှင့်ကြပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

အင်းတော်အထက ခန်းမဆောင်ဖွင့်ပွဲနှင့် အာစရိယပူဇော်ပွဲကျင်းပမည်

အင်းတော် ဒီဇင်ဘာ ၈

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်အထက နှစ်(၅၀)ပြည့် ရွှေရတုသဘင် အထိမ်းအမှတ်ခန်းမဆောင်ဖွင့်ပွဲနှင့် ကျောင်းသားကျောင်းသူဟောင်းများက အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၆ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရွှေရတုသဘင်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲသို့ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ကိုနီတိုး ဖုန်း-၀၇၅-၂၉၀၇၂၊ ကိုအောင်ဝင်းမြင့် ဖုန်း-၀၇၅-၂၉၀၈၂၊ ကိုအောင်သူ (ရုပ်/သံ) ဖုန်း-၀၇၅-၂၉၁၈၁ နှင့် ကိုကျော်သီဟ(ပြန်/ဆက်) ဖုန်း-၀၇၅-၂၉၃၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ငွေချည်(၆)ချည်မျှင်ရှည်ဝါစိုက်ပျိုးမှု နည်းစနစ်များ ရေနံချောင်း၌ ရှင်းလင်းဆွေးနွေး

မကွေး ဒီဇင်ဘာ ၂

မကွေးခရိုင် ရေနံချောင်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်းတို့ကကြီးမှူးကျင်းပသည့် ငွေချည်(၆) ချည်မျှင်ရှည်ဝါ တောင်သူပညာပေး လက်တွေ့စိုက်ကွင်းပြပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ရက်က ရေနံချောင်းမြို့ ရုံးကုန်းကျေးရွာအုပ်စု ဆည်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းက အမှာစကားပြောကြားပြီး တိုင်းဝယ်ယူရေးတာဝန်ခံ ဦးခင်မောင်ထွန်းက ဝါဝယ်ယူရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းပြောကြား၍ မြို့နယ်မန်နေဂျာ ဦးစိုးသိန်းက ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှု နည်းစနစ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် တောင်သူဦးမြအောင်၏ ၄ဒသမ၅ဧက ဖြစ်ထွန်းအောင်မြင်နေသည့် ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ခင်းကို လက်တွေ့ပြသပြီး တောင်သူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(တိုင်း ပြန်/ဆက်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်သောမကျီးသုံးပင် - သံဘိုလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကိုလက်ထောက်အင်ဂျင်နီယာဒေါ်သန်းသန်းထွေး တာဝန်ယူဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသက်ပိုင် ကွင်းဆင်းကြီးကြပ်စဉ်။(မြို့နယ်စည်ပင်)

မှုခင်းသတင်း: သူခိုးအားဝိုင်းဖမ်းရာမှ ဓားဖြင့်ထိုးသူ ထောင်ဒဏ်လေးနှစ်အမိန့်ချမှတ်

ကောလင်း ဒီဇင်ဘာ ၁၀

သူခိုးအားဝိုင်းဝန်းဖမ်းဆီးရာမှ ဓားထိုးမှု ကောလင်းဘူတာရုံ တောင်ဘက်တွင် ဩဂုတ် ၁ရက်က ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ ဩဂုတ် ၁ရက် ည ၉နာရီခွဲခန့်က ကောလင်းရဲစခန်းမှ စခန်းမှူး ရဲအုပ်တင်ကြိုင်၊ နယ်ထိန်းဒုရဲအုပ်တင်နိုင်ဝင်းတို့ လှည့်ကင်းတာဝန်ထမ်းဆောင်စဉ် ကောလင်းဘူတာသို့အရောက် ဘူတာတောင်ဘက်တွင်ဓားထိုးမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဖြစ်ပွားရာသို့ ချက်ချင်းသွားရောက်စစ်ဆေးသည်။ ထိုသို့စစ်ဆေးရာတွင် ဇော်နိုင်ဦး၊ သက်ထွန်းဦး၊ ဖိုးတူးတို့ ရထားလမ်းအနောက်ဘက်၌ ထိုင်နေကြစဉ် လူတစ်ဦးအား သူခိုး၊ သူခိုးဟူ၍ အော်ဟစ်ကာ ဘူတာမှတောင်ဘက်သို့ ဝိုင်းလိုက်ကြသဖြင့် ဇော်နိုင်ဦးတို့အဖွဲ့က ဝိုင်းဝန်းဖမ်းဆီးရာ ထွက်ပြေးလာသူက ဓားမြှောင်ဖြင့်ထိုးပြီး ထွက်ပြေးသွားကြောင်း၊ ထွက်ပြေးသွားသူမှာ ကျော်ဆန်း(ဘ)ဦးတင်ရွှေ အသက်(၄၀) ကျော်ဇေယျာရပ်ကွက် ကောလင်းမြို့နေသူဖြစ်ကြောင်း သိရှိသဖြင့် ဒုရဲအုပ်တင်နိုင်ဝင်းနှင့်အဖွဲ့က လိုက်လံဖမ်းဆီးရာ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသောတရားခံကျော်ဆန်းအား ဇော်နိုင်ဦးက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ကောလင်းရဲစခန်း(ဗ) ၁၆၄/၀၈ ပြစ်မှုပုဒ်မ ၃၂၆အရ သတင်းအချက်အလက်ရေးဖွင့်လျက် ရဲအရာခံ ဟုန်းထန်းက အမှုကို လက်ခံစစ်ဆေးပြီး ဩဂုတ် ၁၅ရက်တွင် ကောလင်းမြို့နယ် တရားရုံးသို့ တရားစွဲဆို တင်ပို့ခဲ့ရာ ကောလင်း မြို့နယ် တရားရုံးမှ ဩဂုတ် ၁၉ရက်တွင် ပြစ်မှုပုဒ်မ ၃၂၆ကျူးလွန်မှုအတွက် အလုပ်နှင့် ထောင်ဒဏ်သုံးနှစ်၊ လက်နက် ဥပဒေပုဒ်မ ၁၉(င)ကျူးလွန်မှုအတွက် အလုပ်နှင့်ထောင်ဒဏ်တစ်နှစ် ပြစ်ဒဏ်များကို သီးခြားစီ ကျခံစေရန် အမိန့်ချမှတ်ကြောင်း သိရသည်။

(ဝ၃၂)

12-12 (16).pmd 1 12/12/2008, 1:38 AM

အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)အတွင်းရှိ ခေတ်မီကလေးကစားကွင်းနှင့် တတိယအကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲ အခမ်းအနားများ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၁

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ ခေတ်မီကလေးကစားကွင်းဖွင့်ပွဲနှင့် တတိယအကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဥယျာဉ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ခေတ်မီကလေးကစားကွင်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ခေတ်မီကလေးကစားကွင်းကို လှည့်လည်ကြည့်ရှုကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် တတိယအကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဝန်ကြီးများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပန်းပွဲတော်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ စာမျက်နှာ ၈ ကော်လံ ၁ ❐

ဆိုလာတက္ကစီဖြင့် နိုင်ငံပေါင်း ၄၀ ခန့် ဖြတ်သန်းမောင်းနှင်

ပိုလန်နိုင်ငံ ပိုဇန်မြို့တွင် ဒီဇင်ဘာ ၅ ရက်က ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂဆွေးနွေးပွဲတစ်ရပ်ကို ကမ္ဘာ့နိုင်ငံပေါင်း ၄၀ ခန့်မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးနေကြချိန်ဖြစ်သည်။

မီးမောင်းထိုးပြ

ထိုအချိန်နှင့် တိုက်ဆိုင်စွာ ဆွစ်ဇာလန်သုတေသနပညာရှင်တစ်ဦးတီထွင်ထားသော နေရောင်ခြည်စွမ်းအင်သုံး "ဆိုလာတက္ကစီ" တစ်စီးရောက်ရှိလာသည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာနှင့် ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံများ အကြိတ်အနယ်ဆွေးနွေးနေချိန်တွင် နေရောင်ခြည်စွမ်းအင်သုံး မော်တော်ယာဉ်သုံးစွဲနိုင်မှုသည် ရာသီဥတုပြောင်းလဲမှုကို တိုက်ရိုက်အကျိုးပြုစေကြောင်း မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်သည်။

တီထွင်

ဆိုလာတက္ကစီကို ဆွစ်ဇာလန် ကျောင်းဆရာတစ်ဦးက တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ပြီး စာမျက်နှာ ၃ ကော်လံ ၄ ✻

ဘာသာပြန်မှတ်စု - မောင်မောင်မြင့်ဆွေ

အမျိုးသမီး မီတာ ၇၀ တစ်ဦးချင်း အမှတ်ပေးမြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ အောင်ငိုမ်း ဤသို့ယှဉ်ပြိုင်ပစ်ခတ်ခဲ့သည်။ (မြန်မာ့အလင်း)

စပါးသီးနှံ အလေအလွင့် မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ကေလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇ သန်းမှ စပါးတင်းသန်းပေါင်း ၅၁ သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသော ဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေ များခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှအလွတ်တန်း မြားပစ်ပြိုင်ပွဲ

အိမ်ရှင်မြန်မာအသင်း ရွှေနှစ်ခု၊ ငွေတစ်ခုဖြင့် ဦးဆောင်ယှဉ်ပြိုင်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ ကျင်းပနေသည့် ၂၀၀၈ ခုနှစ် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှအလွတ်တန်း Compound မြားပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ ကျိုက္ကဆံအမှတ်(၅)ဂိတ်ရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်လေ့ကျင့်ရေးကွင်းနှင့်ပြိုင်ကွင်းတွင် စတင်ကျင်းပရာ မြန်မာ့လက်ရွေးစင်မြားပစ် ကစားသမားများဖြစ်သည့် ရဲမင်းဆွေနှင့် အောင်ငိုမ်းတို့က ရွှေတံဆိပ်ဆုများ စတင်ဆွတ်ခူးရရှိသွားပြီး လှလှစန်းက ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိသည်။

ယှဉ်ပြိုင်

မြန်မာမြားပစ်အားကစားသမားများဖြစ်သော ရဲမင်းဆွေနှင့်အောင်ငိုမ်းတို့မှာ ယခုပြိုင်ပွဲဖြစ်သည့် စာမျက်နှာ ၁၁ ကော်လံ ၅ ■

ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၆၆ ပေအမြင့်ရှိ ချင်းပြည်နယ် ဖလမ်းမြို့နယ်မှ သာမောဖွယ်ရာ ရိဒ်ရေကန်သာ



သတင်းမြင်ကွင်း - မျိုးမင်းသိန်း(မရမ်းကုန်း) ❖ ဓာတ်ပုံမှတ်တမ်း -လေးနွယ်(မင်္ဂလာဒုံ) ❖ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို

ဖလမ်း ဒီဇင်ဘာ ၁၁

ထူးခြားမှတ်ဖွယ် ချင်းပြည်နယ် တွေးဆထည်ဝါ ရိဒ်ရေကန်....။

ချင်းပြည်နယ်မြောက်ပိုင်း၏ အနောက်ဘက် ဖလမ်းမြို့မှ ၆၄ မိုင်၊ တီးတိန်မြို့မှ ၃၂ မိုင်ဝေး၍ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၉၆၆ ပေမြင့်သောနေရာတွင်ရှိသော ရိဒ်ရေကန်၏ပတ်ပတ်လည်သည် သုံးမိုင်ခန့် ကျယ်ဝန်းရှိသည်။

ထင်ရှား

ချင်းပြည်နယ်ရှိ ရေကန်များအနက် အထင်ရှားဆုံးသော ရေကန်ကြီးဖြစ်သည်။ ဆောင်းချမ်းမြမြကာလတွင် ယာဉ်များသွားလာရ လွယ်ကူအဆင်ပြေသဖြင့် အပန်းဖြေလာရောက်ကြသူ များပြားစည်ကားလှသည်။ ထူးခြားထည်ဝါသော ရိဒ်ရေကန်က ချင်းပြည်နယ်၏ အလှသဘာဝကို ထပ်ဆင့်ဖော်ကျူး နေသယောင်ရှိသည်။ စာမျက်နှာ ၈ ကော်လံ ၁ ●